ကြေးမုံ
The Mirror

၁၃၆၉ ခုနှစ်၊ သီတင်းကျွတ်လဆန်း ၈ ရက်၊ သောကြာနေ့၊ (19-10-2007) (၅၄၇၅)

ဖူးမြော်ကြည်ညို

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ၊ ဒုတိယတပ်မတော် ကာကွယ်ရေးဦးစီးချုပ်၊ ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး မောင်အေး အင်းလေးဖောင်တော်ဦးဘုရား ရုပ်ပွားတော်များအား ဖူးမြော်ကြည်ညိုစဉ်။

(သတင်းစဉ်)

ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးနှင့် ဇနီး ဒေါ်မြမြစန်း အင်းလေးဖောင်တော်ဦး ရုပ်ပွားတော်များအား ပင့်ဆောင်ပူဇော်ဖူးမြော်

နေပြည်တော် အောက်တိုဘာ ၁၈

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ၊ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ်၊ ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးနှင့် ဇနီး ဒေါ်မြမြစန်းတို့သည် နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်များဖြစ်ကြသည့် ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်း၊ ဒုတိယဗိုလ်ချုပ်ကြီးမောင်ဘို၊ စစ်ထောက်ချုပ် ဒုတိယဗိုလ်ချုပ်ကြီး သီဟသူရ တင်အောင်မြင့်ဦးနှင့် တပ်မတော်လေ့ကျင့်ရေးအရာရှိချုပ် **စာမျက်နှာ ၈ ကော်လံ ၁ သို့** ☆

နိုင်ငံတော်ဖွဲ့စည်းပုံ အခြေခံဥပဒေမူကြမ်း ရေးဆွဲရေးကော်မရှင် ဖွဲ့စည်းတာဝန်ပေးအပ်

နေပြည်တော် အောက်တိုဘာ ၁၈

ပြည်ထောင်စု မြန်မာနိုင်ငံတော်–နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ၏ ကြေညာချက်အမှတ် (၂/၂၀၀၇)ကို အောက်တိုဘာ ၁၈ ရက် ရက်စွဲဖြင့် ထုတ်ပြန်ကြေညာလိုက်သည်။

အဆိုပါကြေညာချက် အပြည့်အစုံမှာ အောက်ပါအတိုင်းဖြစ်သည်–

ပြည်ထောင်စု မြန်မာနိုင်ငံတော်
နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ

ကြေညာချက်အမှတ်(၂/၂၀၀၇)

၁၃၆၉ ခုနှစ်၊ သီတင်းကျွတ်လဆန်း ၇ ရက်
(၂၀၀၇ ခုနှစ်၊ အောက်တိုဘာလ ၁၈ ရက်)

နိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေမူကြမ်း ရေးဆွဲရေးကော်မရှင် ဖွဲ့စည်းတာဝန်ပေးအပ်ခြင်း

၁။ ၂၀၀၇ ခုနှစ် စက်တင်ဘာလ ၂၉ ရက်နေ့မှစ၍ မြန်မာနိုင်ငံတစ်ဝန်းလုံးတွင် အမျိုးသားညီလာခံနှင့် နိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေ ထောက်ခံကြိုဆိုပွဲ အခမ်းအနားများကျင်းပ၍ ပြည်နယ်နှင့်တိုင်းအလိုက် ပြည်သူလူထုတစ်ရပ်လုံးက အုန်းအုန်းကျွက်ကျွက် တစ်ခဲနက်ထောက်ခံ အားပေးလျက်ရှိကြပါသည်။

၂။ ထိုသို့ ပြည်သူလူထုတစ်ရပ်လုံး၏ တစ်ခဲနက် ထောက်ခံအားပေးမှုကို လေးစားသောအားဖြင့်သော် လည်းကောင်း၊ ပြည်သူလူထု၏ ဆန္ဒဖြစ်သော ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေးနှင့် အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေးဟူသော ဒို့တာဝန်အရေးသုံးပါးကို ကာကွယ်စောင့်ရှောက်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး၊ အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သော စည်းကမ်းပြည့်ဝသည့် ဒီမိုကရေစီနိုင်ငံတော် တည်ဆောက်ရေးနှင့် နိုင်ငံတော်ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ် (၇)ရပ်ကို ပြီးမြောက်အောင်မြင်စွာ အကောင်အထည်ဖော်ရေးတို့အား ထင်ဟပ်အကောင်အထည်ဖော်သည့်အနေဖြင့်သော်လည်းကောင်း၊ နိုင်ငံတော် ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ်(၇)ရပ်အနက် တတိယအဆင့်ဖြစ်သည့် နိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေမူကြမ်း ရေးဆွဲရန်အတွက် “နိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေမူကြမ်း ရေးဆွဲရေးကော်မရှင်”ကို အောက်ပါအတိုင်း ဖွဲ့စည်းတာဝန်ပေးအပ်လိုက်သည်–

နိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေမူကြမ်း ရေးဆွဲရေးကော်မရှင်

(၁) ဦးအောင်တိုး (B.A, B.L) — ဥက္ကဋ္ဌ
တရားသူကြီးချုပ်
တရားရုံးချုပ်
နေပြည်တော်

စာမျက်နှာ ၃ ကော်လံ ၁ သို့ ❒

နိုင်ငံရေး ဦးတည်ချက် (၄)ရပ်

- ✱ နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
- ✱ အမျိုးသား ပြန်လည်စည်းလုံးညီညွတ်ရေး
- ✱ ခိုင်မာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
- ✱ ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

စီးပွားရေး ဦးတည်ချက် (၄)ရပ်

- ✱ စိုက်ပျိုးရေးကိုအခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- ✱ ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး
- ✱ ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- ✱ နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှု စွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

လူမှုရေး ဦးတည်ချက် (၄)ရပ်

- ✱ တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး
- ✱ အမျိုးဂုဏ်၊ ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
- ✱ မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
- ✱ တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

ဆူပူအကြမ်းဖက်မှုတွင် ပါဝင်ခဲ့သဖြင့် ခေါ်ယူစစ်ဆေးမေးမြန်းခဲ့သူများအနက် အောက်တိုဘာ ၁၈ ရက်အထိ ပြန်လည်စေလွှတ်ပေးခဲ့သူပေါင်း ၂၅၅၀ဦး ရှိပြီဖြစ်

နေပြည်တော် အောက်တိုဘာ ၁၈

စက်တင်ဘာလအတွင်း ဖြစ်ပေါ်ခဲ့သော ဆူပူအကြမ်းဖက်မှုများတွင် ဦးဆောင်ခဲ့သူ၊ ပါဝင်ခဲ့သူ၊ လိုက်ပါအားပေးခဲ့သူများအား ခေါ်ယူစစ်ဆေးမေးမြန်းလျက်ရှိရာ မသိနားမလည်၍ လူစုလူဝေးနှင့် အတူ ပါဝင်သွားသူများကိုလည်း ဥပဒေဖောက်ဖျက်မိသူများဖြစ်သောကြောင့် ကတိခံဝန်ချက်ဖြင့် ပြန်လည်စေလွှတ်ပေးလျက်ရှိသည်။

ထိုသို့ စိစစ်ပြန်လည်စေလွှတ်ပေးလျက်ရှိရာ အောက်တိုဘာ ၁၈ရက်အထိ ရန်ကုန်မြို့တွင် ခေါ်ယူစစ်ဆေးမေးမြန်းခံရသူပေါင်း ၂၂၈၄ဦးရှိပြီး စိစစ်၍ ကတိခံဝန်ချက်ဖြင့် ပြန်လည်စေလွှတ် ပေးခဲ့ပြီးသူပေါင်းမှာ ၂၁၄၇ဦးဖြစ်သည့်အတွက် ကျန်ရှိနေသူ ၁၃၇ဦး ဖြစ်ကြောင်း သိရသည်။

ထို့အတူ အောက်တိုဘာ ၁၈ရက်အထိ ပြည်နယ်နှင့်တိုင်းအသီးသီးတွင် ခေါ်ယူစစ်ဆေးမေးမြန်းခံရသူပေါင်း ၆၄၃ဦးရှိပြီး စိစစ်၍ ကတိခံဝန်ချက်ဖြင့် ပြန်လည်စေလွှတ်ပေးခဲ့ပြီးသူပေါင်းမှာ ၄၀၃ဦးဖြစ်သည့်အတွက် ကျန်ရှိနေသူ ၂၄၀ဦးဖြစ်ကြောင်း သိရသည်။

အဆိုပါကျန်ရှိနေသူများအားလည်း ဆက်လက်စစ်ဆေးမေးမြန်းစိစစ်၍ လွှတ်သင့်သူများကို ပြန်လည်စေလွှတ်ပေးသွားမည် ဖြစ်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

နိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေ ပေါ်ပေါက်ရေးသည် မြန်မာနိုင်ငံသားအားလုံး၏ တာဝန်ဖြစ်သည်။

ကြေးမုံ The Mirror
၁၉–၁၀–၂၀၀၇
(သောကြာနေ့)

မြန်မာ့ရိုးရာအနုပညာရပ်များ ဖော်ထုတ်ယှဉ်ပြိုင် တိုင်းတစ်ပါးယဉ်ကျေးမှု လွှမ်းမိုးလာမှုကာကွယ်တားဆီး

(၁၅)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲကို အောက်တိုဘာ ၁၇ ရက်မှ စတင်၍ နေပြည်တော်တွင် ကျင်းပနေပြီဖြစ်သည်။ ပြည်နယ်နှင့် တိုင်းအသီးသီးမှ ပြိုင်ပွဲဝင် ၁၈၁၃ ဦးနှင့် ဘာသာရပ်အလိုက်ပြိုင်ပွဲဝင် ၂၄၄၅ ဦးတို့ ပါဝင်ယှဉ်ပြိုင်လျက်ရှိသည်။

အဆိုပါ ပြိုင်ပွဲတွင် နှစ်စဉ်ယှဉ်ပြိုင်နေကျ အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲများအပြင် တစ်ချိန်က ထင်ရှားကျော်ကြားခဲ့သည့် မြန်မာ့ရတု၊ ရကန်၊ အဲချင်း၊ အိုင်ချင်း စသော ကဗျာစာပေများကို ပြန်လည်ဆန်းသစ် ဖော်ထုတ်သီဆို ယှဉ်ပြိုင်ကြမည်ဖြစ်သည်။ အလားတူ ခေတ်အဆက်ဆက်တွင် ခေတ်စားခဲ့သည့် ပြဇာတ်ပြိုင်ပွဲ၊ တိမ်မြုပ်ပျောက်ကွယ်လုနီးပါး ဖြစ်နေသော ကွက်စိပ်ပြိုင်ပွဲများလည်း ပါဝင်မည်ဖြစ်သည်။

မြန်မာတို့သည် ရိုးရာယဉ်ကျေးမှုဓလေ့စရိုက် ထုံးတမ်းအစဉ်အလာကောင်းများကို မြန်မာ့သမိုင်းအဦးအစ ကာလကပင် ခံယူကျင့်သုံးပိုင်ဆိုင်လာခဲ့ကြသည်။ မြန်မာစာပေကျမ်းဂန်များ၊ ရတု၊ ကဗျာ၊ ပျို့၊ လင်္ကာ၊ မော်ကွန်း၊ နီတိကျမ်းနှင့် ဆုံးမစာများတွင် အမျိုးသားရေးအနှစ်သာရများ လွှမ်းခြုံနေသည်ကိုတွေ့ရသည်။ ထို့အတူ မြန်မာ့ဇာတ်သဘင်၌ စာပေ၏ အဆီအနှစ်၊ ဇာတ်သဘင်၏ အခေါင်အညွန့်တို့ ပေါင်းဆုံထားရာ မြန်မာမှု၊ မြန်မာ့ဂုဏ်ရည်တို့ ထုံမွမ်း လျက်ရှိသည်။

ရှေးနှစ်ပေါင်းများစွာကပင် ပေါ်ထွန်းဖြစ်တည်လာခဲ့သည့် မြန်မာ့ယဉ်ကျေးမှု အဆောက်အအုံကြီးသည် ယနေ့ကာလတိုင် ခမ်းနားထည်ဝါဆဲ၊ တင့်တယ်ခိုင်ခံ့ဆဲ၊ မြန်မာတို့၏ နှလုံးအိမ်ထဲတွင် စွဲမြဲနေရာယူဆဲဖြစ်သည်။ ယင်းသို့ တည်တံ့ခိုင်ခံ့နေသည့် အမျိုးသားယဉ်ကျေးမှုကို ပိုမိုတောက်ပြောင် ခမ်းနားစေရေး၊ ခေတ်ကာလနှင့် လျော်ညီစွာတိုးတက်စည်ပင်ဖြစ်ထွန်းရေးအတွက် တစ်မျိုးသားလုံးက ဝိုင်းဝန်းကြိုးပမ်းကြရမည်ဖြစ်သည်။

ယနေ့အချိန်အခါတွင် ကမ္ဘာ့နိုင်ငံအများ ဆက်စပ်ယှက်နွယ် ပြောင်းလဲမှုများနှင့်အတူ မြန်မာ့ရိုးရာဓလေ့အစဉ်အလာနှင့် မအပ်စပ်သည့် တိုင်းတစ်ပါးယဉ်ကျေးမှုများ စိမ့်ဝင်ပျံ့နှံ့လာလျက်ရှိသည်။ ယင်းသို့ ယဉ်ကျေးမှုမျက်နှာစာ၊ စီးပွားရေးမျက်နှာစာများမှတစ်ဆင့် ဝင်ရောက်လွှမ်းမိုးလာမှုများကို အမျိုးသားရေးသတိဖြင့် ရှုမြင်တားဆီးသွားကြရမည်ဖြစ်သည်။

မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲများ နှစ်စဉ်ကျင်းပနေခြင်းသည် အမျိုးဂုဏ်၊ ဇာတိဂုဏ် မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်စေရန် ထိန်းသိမ်းစောင့်ရှောက်နေသည့် ကြိုးပမ်းမှုတစ်ရပ်ဖြစ်သည်။ (၁၅)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲဝင် အနုသုခုမပညာရှင်များအားလုံးက မြန်မာ့ရိုးရာအနုပညာရပ်များကို အစွမ်းကုန်ဖော်ထုတ်ယှဉ်ပြိုင်ရင်း အနုပညာစွမ်းပကားဖြင့် အမျိုးသားယဉ်ကျေးမှုကို ဆက်လက်ထိန်းသိမ်းမြှင့်တင်သွားကြရမည် ဖြစ်ပါသည်။ ။

နိုင်ငံတော်၌ ဖြစ်ပေါ်ခဲ့သော ဆန္ဒပြသွေးထိုးလှုံ့ဆော်မှုများသည် ပြည်သူလူထု၏ အေးချမ်းသာယာမှုကို နှောင့်ယှက်ဖျက်ဆီးသည်ဟု ခံယူသဖြင့် တည်ငြိမ်အေးချမ်းမှုကို လိုလားသည့် ပြည်သူများက ဥပဒေနှင့်အညီ သက်ဆိုင်ရာသို့ ခွင့်တောင်းပြီး မောက်မယ်မြို့၌ ပြည်သူ့ဆန္ဒဖော်ထုတ် ရှုတ်ချကြစဉ်။ (သတင်းစဉ်)

ပြည်သူ့သဘောထား

★ ပြည်ပအားကိုးပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
★ နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးနှင့်နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
★ နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
★ ပြည်တွင်း ပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

ကချင်ပြည်နယ်၊စစ်ကိုင်းတိုင်းနှင့် ရှမ်းပြည်နယ်(တောင်ပိုင်း)တို့၌ တည်ငြိမ်အေးချမ်းမှုကို လိုလားသည့် ပြည်သူများကဥပဒေနှင့်အညီ သက်ဆိုင်ရာသို့ ခွင့်တောင်းပြီး ပြည်သူ့ဆန္ဒဖော်ထုတ်

နေပြည်တော် အောက်တိုဘာ ၁၈

နိုင်ငံတော်၌ ဖြစ်ပေါ်ခဲ့သော သံဃာအချို့နှင့် NLD ပါတီဝင်တို့၏ ဆန္ဒပြသွေးထိုးလှုံ့ဆော်မှုများသည် ပြည်သူလူထု၏ အေးချမ်းသာယာမှုကို နှောင့်ယှက်ဖျက်ဆီးသည်ဟု ခံယူသောကြောင့် ကချင်ပြည်နယ် မိုးကောင်းမြို့နယ်၊ မိုးညှင်းမြို့နယ်၊ စစ်ကိုင်းတိုင်း စစ်ကိုင်းမြို့၊ ခင်ဦးမြို့နှင့် ရှမ်းပြည်နယ်(တောင်ပိုင်း) မောက်မယ်မြို့နယ်တို့မှ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေး၊ တရားဥပဒေစိုးမိုးရေးနှင့် ရပ်ရွာအေးချမ်းသာယာရေးကို လိုလားသူများက အောက်တိုဘာ ၁၄ ရက်နှင့် ၁၅ ရက်တို့တွင် ဥပဒေနှင့်အညီ သက်ဆိုင်ရာသို့ ခွင့်တောင်းပြီး ၎င်းတို့အားဆန့်ကျင်သော ပြည်သူ့ဆန္ဒဖော်ထုတ်ရှုတ်ချပွဲများ ပြုလုပ်ခဲ့ကြသည်။

ကချင်ပြည်နယ် မိုးကောင်းမြို့နယ် ပြည်သူ့ဆန္ဒ ဖော်ထုတ်ရှုတ်ချပွဲသို့ မိုးကောင်းမြို့ မြို့ပေါ် ၁၀ ရပ်ကွက်၊ နမ္မတီးဒေသကျေးရွာများ၊ ပင်းဘော၊ ဆားမော်ဒေသ ကျေးရွာများမှ ပြည်သူအင်အား ၂၀၀၀၀ ကျော်တို့သည် အောက်တိုဘာ၁၄ ရက် နံနက် ၆ နာရီခွဲတွင် မိုးကောင်းမြို့ စည်ပင်သာယာမြို့နယ်ခန်းမ၌ စုစည်းကာ မိုးကောင်းမြို့ အဝင်ဆိုင်းဘုတ်မှ မိုးကောင်းတံတားကိုဖြတ်၍ မြို့တော်ခန်းမ၊ ၎င်းမှ ဦးဖိုးစောလမ်းအတိုင်း အနောက်ဘက်သို့ ဆင်ဝါးနော်လမ်းနှင့် မီးသတ်လမ်းဆုံ၊ ၎င်းမှ ဆင်ဝါးနော်လမ်းအတိုင်း တောင်ဘက်သို့ ပြည်ထောင်စုလမ်းမကြီးလမ်းဆုံ(နဝဒေးလမ်း)၊ ၎င်းမှ ပြည်ထောင်စုလမ်းမကြီး အတိုင်း အရှေ့ဘက်သို့ ဦးဖိုးစောလမ်းဆုံ၊ ၎င်းမှ ဦးဖိုးစောလမ်းအတိုင်း မြောက်ဘက်သို့ စုရပ်မြို့လယ်ခန်းမအထိ လှည့်လည်၍ ဒို့တာဝန်အရေးသုံးပါး၊ နိုင်ငံတော် ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ်(၇)ရပ် အောင်ရမည်၊ ပြည်တွင်းပြည်ပ အဖျက်သမားများအလိုမရှိ၊ဆူပူအကြမ်းဖက်သမားများ အလိုမရှိ၊ ပြည်ပအားကိုးပုဆိန်ရိုးများ အလိုမရှိ စသည့် ကြွေးကြော်သံများကို သံပြိုင်ညီညာ ကြွေးကြော်ကြပြီး တည်ငြိမ်မှုကို လိုလားသည်၊ အေးချမ်းမှုကို လိုလားသည်၊ ဆူပူအကြမ်းဖက်မှုကို မလိုလား၊ ပြည်တွင်းပြည်ပအဖျက်သမားများရန် ဒို့တွန်းလှန်၊ ဆူပူအကြမ်းဖက်သူ ဒို့ရန်သူ၊ ဆူပူအကြမ်းဖက်ခြင်းသည် ဒီမိုကရေစီ၏ ဆန့်ကျင်ဘက်၊ အမေကျော်ဒွေးဘော် မလွှမ်းနဲ့၊ ပြည်ပသွေးထိုးလှုံ့ဆော်မှုများ ဒို့မလိုလား၊ ဆရာဒကာ သွေးစည်းမှု ဒို့ရှေးရှု၊အမျိုးသားညီလာခံကို ထောက်ခံသည်၊ ဖွဲ့စည်းပုံအခြေခံဥပဒေကို ကြိုဆိုသည်၊ VOA လိမ်နေသည်၊ BBC ညာနေသည်၊ RFA ရန်တိုက်ပေးနေသည်၊ အမေရိကန် စီးပွားရေးပိတ်ဆို့မှုကြောင့် ကုန်ဈေးနှုန်းကြီးရသည် စသည့် ဆိုင်းဘုတ်များကို ကိုင်ဆောင်ကာ ဆန္ဒဖော်ထုတ်ခဲ့ကြသည်။

အလားတူ ကချင်ပြည်နယ်၊ မိုးညှင်းမြို့နယ် ပြည်သူ့ဆန္ဒ ဖော်ထုတ်ရှုတ်ချပွဲသို့ မိုးညှင်းမြို့နယ်အတွင်းရှိ မြို့ပေါ် ၁၀ ရပ်ကွက်နှင့် ကျေးရွာအုပ်စုရှစ်အုပ်စုတို့မှ ပြည်သူအင်အား ၃၀၀၀၀ကျော်တို့သည် အောက်တိုဘာ ၁၄ ရက် နံနက် ၈ နာရီတွင် မိုးညှင်းမြို့ အထက(၁) ဘောလုံးကွင်းဟောင်းမှ စတင်၍ ပြည်ထောင်စုလမ်းမကြီး အတိုင်း၊ ၎င်းမှ မြို့နယ်တံတားကို ဖြတ်ကာ ဆန်းသစ်စတိုးလမ်းဆုံ၊ ၎င်းမှ မီးရထားဘူတာရုံရှေ့၊ ဘုရင့်နောင်လမ်းဆုံ၊ ၎င်းမှ စည်ပင်သာယာဈေးကို ဖြတ်၍ မင်းကွင်းလမ်းဆုံ၊ ပြည်ထောင်စုလမ်းမကြီး၊ ၎င်းမှ မြို့နယ်တံတားကို ဖြတ်ပြီး နွေဦးမွန်လမ်းဆုံ၊ ၎င်းမှ သမိန်ဗရမ်းလမ်းအတိုင်း မြို့တော်ခန်းမကိုဖြတ်ကာ မင်းရဲကျော်စွာလမ်း၊ ၎င်းမှ စုရပ်ဖြစ်သည့် အထက(၁) ဘောလုံးကွင်းသို့ လှည့်လည်၍ ဒို့တာဝန်အရေးသုံးပါးနှင့် နိုင်ငံတော်ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ်(၇)ရပ် အောင်ရမည်၊ ပြည်တွင်းပြည်ပ အဖျက်သမားများ အလိုမရှိ၊ ဆူပူအကြမ်းဖက်သမားများ အလိုမရှိ၊ ပြည်ပအားကိုး ပုဆိန်ရိုးများ အလိုမရှိ စသည့် ကြွေးကြော်သံများကို သံပြိုင်ညီညာကြွေးကြော်ကြပြီး နိုင်ငံတော်အလံ ၁၄ လက်ကို ကိုင်ဆောင်ကာ တည်ငြိမ်မှုကို လိုလားသည်၊ အေးချမ်းမှုကို လိုလားသည်၊ ဆူပူအကြမ်းဖက်မှုကို မလိုလား၊ ပြည်တွင်းပြည်ပအဖျက်သမားရန် ဒို့တွန်းလှန်၊ ဆူပူအကြမ်းဖက်သူ ဒို့ရန်သူ၊ ဆူပူအကြမ်းဖက်ခြင်းသည် ဒီမိုကရေစီ၏ ဆန့်ကျင်ဘက်၊ အမေကျော်ဒွေးဘော် မလွှမ်းနဲ့၊ ပြည်ပသွေးထိုးမှုများ ဒို့မလိုလား၊ ဘာသာရေးခုတုံးလုပ်ပြီး နိုင်ငံရေး အမြတ်ထုတ်သည့်အကြံ ဒို့လက်မခံ၊ ဆရာဒကာ သွေးစည်းမှု ဒို့ရှေးရှု၊ အမျိုးသားညီလာခံကို ထောက်ခံသည်၊ ဖွဲ့စည်းပုံအခြေခံဥပဒေကို ကြိုဆိုသည်၊ VOAလိမ်နေသည်၊ BBC ညာနေသည်၊ RFA ရန်တိုက်ပေးနေသည်၊ VOA၊BBC၊RFA လေလှိုင်းပေါ်က လူသတ်သမားများ ပြည်သူအားလုံးသတိထား၊ အမေရိကန်စီးပွားရေး ပိတ်ဆို့မှုကြောင့် ကုန်ဈေးနှုန်းကြီးရသည် စသည့် ဆိုင်းဘုတ်များကို ကိုင်ဆောင်၍ ဆန္ဒဖော်ထုတ်ခဲ့ကြသည်။

နိုင်ငံတော်၌ ဖြစ်ပေါ်ခဲ့သော ဆန္ဒပြ သွေးထိုးလှုံ့ဆော်မှုများသည် ပြည်သူလူထု၏ အေးချမ်းသာယာမှုကို နှောင့်ယှက်ဖျက်ဆီးသည်ဟု ခံယူသဖြင့် တည်ငြိမ်အေးချမ်းမှုကို လိုလားသည့်ပြည်သူများက ဥပဒေနှင့်အညီ သက်ဆိုင်ရာသို့ ခွင့်တောင်းပြီး စစ်ကိုင်းမြို့၌ ပြည်သူ့ဆန္ဒ ဖော်ထုတ်ရှုတ်ချကြစဉ်။ (သတင်းစဉ်)

ထို့အပြင် စစ်ကိုင်းတိုင်း စစ်ကိုင်းမြို့ ပြည်သူ့ ဆန္ဒဖော်ထုတ်ရှုတ်ချပွဲသို့ စစ်ကိုင်းမြို့ မြို့ပေါ် ၁၈ရပ်ကွက်နှင့် ပတ်ဝန်းကျင် ကျေးရွာပေါင်း ၅၅ရွာတို့မှ ပြည်သူအင်အား၂၂၀၀၀ ကျော်တို့သည် အောက်တိုဘာ ၁၅ ရက် နံနက် ၇ နာရီတွင် စစ်ကိုင်းမြို့အတွင်း လှည့်လည်၍ ဆူပူအကြမ်းဖက်သမားများ အလိုမရှိ၊ ပြည်တွင်းပြည်ပ အဖျက်သမားများ အလိုမရှိ၊ ဒို့တာဝန်အရေးအသုံးပါး ကြွေးကြော်သံများကို သံပြိုင်ညီညာ ကြွေးကြော်ပြီး ပြည်ထောင်စုအလံများကို ကိုင်ဆောင်ကာ တည်ငြိမ်မှုကို လိုလားသည်၊ အေးချမ်းမှုကိုလိုလားသည်၊ဆူပူမှုကိုမလိုလား၊ အကြမ်းဖက်မှု အန္တရာယ် ဒို့ကာကွယ်၊ ပြည်တွင်းပြည်ပအဖျက်သမားရန် ဒို့တွန်းလှန်၊ ဆူပူအကြမ်းဖက်ခြင်းသည် ဒီမိုကရေစီ၏ ဆန့်ကျင်ဘက်၊ ရှေ့လုပ်ငန်းစဉ်(၇)ရပ် အောင်ရမည်၊ အမျိုးသားညီလာခံကို ထောက်ခံသည်၊ ဖွဲ့စည်းပုံအခြေခံဥပဒေကို ကြိုဆိုသည် စသည့် ဆိုင်းဘုတ်များကို ကိုင်ဆောင်ကာ ဆန္ဒဖော်ထုတ်ခဲ့ကြသည်။

အလားတူ စစ်ကိုင်းတိုင်း ခင်ဦးမြို့ ပြည်သူ့ဆန္ဒဖော်ထုတ် ရှုတ်ချပွဲသို့ ခင်ဦးမြို့ မြို့ပေါ် ၁၄ ရပ်ကွက်နှင့် ကျေးရွာအုပ်စု ၃၆ အုပ်စု၊ ကျေးရွာပေါင်း ၇၂ရွာမှ ပြည်သူအင်အား ၂၀၀၀၀ ကျော်တို့သည် အောက်တိုဘာ ၁၅ ရက် နံနက် ၇ နာရီ ၁၅ မိနစ်တွင် ခင်ဦးမြို့ မြို့အရှေ့ဘက်ထိပ် ခင်ဦး–သင်းပေါင်းလမ်း၊ ၎င်းမှမြို့လယ် လမ်းမတော်တစ်လျှောက်၊ ၎င်းမှ ဘူတာရုံလမ်းတစ်လျှောက် ချီတက်ကာ ခင်ဦးမြို့ စည်ပင်သာယာဈေး မြောက်ဘက်မှတစ်ဆင့် မြို့လယ်လမ်းမတော်တစ်လျှောက် ချီတက်ပြီး စုရပ်ဖြစ်သည့် ခင်ဦးမြို့ အရှေ့ဘက်ထိပ်သို့လှည့်လည်၍ ဒို့တာဝန်အရေးသုံးပါးနှင့် နိုင်ငံတော် ရှေ့ဆက်သွားမည့်မူဝါဒလမ်းစဉ်(၇)ရပ် အောင်ရမည်၊ကြွေးကြော်သံများကိုသံပြိုင်ညီညာ ကြွေးကြော်ကြပြီး ပြည်ထောင်စုမြန်မာနိုင်ငံတော်အလံများကိုကိုင်ဆောင်ကာတည်ငြိမ်အေးချမ်းမှုကိုလိုလားသည်၊ ဆူပူအကြမ်းဖက်သူများ အလိုမရှိ၊ ပြည်တွင်းပြည်ပ အဖျက်သမားရန် ဒို့တွန်းလှန်၊ အမျိုးသားညီလာခံကို ထောက်ခံသည်၊ ကိုလိုနီနယ်ချဲ့ လက်သစ်ဝါဒ ဒို့လက်မခံ၊ လေလှိုင်းကြားက လူသတ်သမား VOA၊BBC၊ RFA နိုင်ငံခြား အသံလွှင့်ဌာနများ ဒို့လက်မခံ စသည့်ဆိုင်းဘုတ်များ ကို ကိုင်ဆောင်၍ ဆန္ဒဖော်ထုတ်ခဲ့ကြသည်။

ထို့အပြင် ရှမ်းပြည်နယ်(တောင်ပိုင်း) မောက်မယ်မြို့နယ် ပြည်သူ့ဆန္ဒ ဖော်ထုတ် ရှုတ်ချပွဲသို့ မောက်မယ်မြို့မှ ရပ်ကွက် ခုနစ်ရပ်ကွက်နှင့် နမ့်လွတ်၊ စဉ့်ဝင်၊ စဉ့်ဆိုင်၊ မိုင်းပုတ်၊ ဟိုလွိုင် ကျေးရွာအုပ်စုတို့မှ ပြည်သူအင်အား ၁၀၀၀၀ ကျော်တို့သည် အောက်တိုဘာ ၁၅ ရက် နံနက် ၇ နာရီခွဲတွင် မောက်မယ်မြို့နယ်အတွင်း လှည့်လည်၍ ဒို့တာဝန်အရေးသုံးပါး၊ နိုင်ငံတော် ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ်(၇)ရပ် အောင်ရမည် စသည့် ကြွေးကြော်သံများကို သံပြိုင်ညီညာကြွေးကြော်ကြပြီး တည်ငြိမ်မှုကိုလိုလားသည်၊ အေးချမ်းမှုကို လိုလားသည်၊ ဆူပူအကြမ်းဖက်မှုကို မလိုလား၊ VOA၊BBC၊RFA လေလှိုင်းပေါ်က လူသတ်သမားများပြည်သူအားလုံးသတိထား၊ သူ့ကျွန်မခံပါ၊ ကိုလိုနီနယ်ချဲ့လက်သစ်ဝါဒ ဒို့လက်မခံ စသည့်ဆိုင်းဘုတ်များကို ကိုင်ဆောင်ကာ ဆန္ဒဖော်ထုတ်ခဲ့ကြကြောင်းသတင်းရရှိသည်။(သတင်းစဉ်)

နိုင်ငံတော်ဖွဲ့စည်းပုံ အခြေခံဥပဒေမူကြမ်း ရေးဆွဲရေးကော်မရှင် ဖွဲ့စည်းတာဝန်ပေးအပ်

❒ **ရှေ့ဖုံးမှ**

(၂) ဦးအေးမောင် (B.A, B.L) ဒုတိယဥက္ကဋ္ဌ
ရှေ့နေချုပ်
ရှေ့နေချုပ်ရုံး
နေပြည်တော်

(၃) ဦးသောင်းညွန့် (B.Sc, B.L) အဖွဲ့ဝင်
ဥပဒေအကြံပေးပုဂ္ဂိုလ်
ရန်ကုန်မြို့

(၄) ဗိုလ်မှူးချုပ်ကျော်ဆန်း အဖွဲ့ဝင်
[B.Sc(D.S.A), Diploma in Defence and Security]
ဝန်ကြီး
ပြန်ကြားရေးဝန်ကြီးဌာန
နေပြည်တော်

(၅) ဗိုလ်ချုပ်ခင်အောင်မြင့် အဖွဲ့ဝင်
[B.A, Diploma in Defence and Security]
ဝန်ကြီး
ယဉ်ကျေးမှုဝန်ကြီးဌာန
နေပြည်တော်

(၆) ဗိုလ်ချုပ်စိုးမောင် အဖွဲ့ဝင်
[B.Sc(D.S.A), H.G.P, M.A(Defence Studies)]
စစ်ဥပဒေချုပ်
ကာကွယ်ရေးဝန်ကြီးဌာန
နေပြည်တော်

(၇) ဒေါက်တာသန်းညွန့် အဖွဲ့ဝင်
[B.A(Hons), M.Sc(Econ)(London), Ph.D(Cambridge)]
ဥက္ကဋ္ဌ
ဝန်ထမ်းရွေးချယ်လေ့ကျင့်ရေးအဖွဲ့
နေပြည်တော်

(၈) ဒေါက်တာထွန်းရှင် အဖွဲ့ဝင်
[B.A, LL.B(Ygn:), M.A(Business Law)(London), LL.D, Intl. Law(Ghent, Belgium), F.R.G.S(London), A.M.R.Ae.s(London), Dip. Intl Law(London)]
ဒုတိယရှေ့နေချုပ်
ရှေ့နေချုပ်ရုံး
နေပြည်တော်

(၉) ဦးထွန်းထွန်းဦး အဖွဲ့ဝင်
[B.A(Law), LL.B, M.A(Defence Studies)]
ဒုတိယရှေ့နေချုပ်
ရှေ့နေချုပ်ရုံး
နေပြည်တော်

(၁၀) ဦးသိန်းစိုး အဖွဲ့ဝင်
[B.Sc(D.S.A), RL]
ဒုတိယတရားသူကြီးချုပ်
တရားရုံးချုပ်
ရန်ကုန်မြို့

(၁၁) ဦးထွန်းထွန်းဦး အဖွဲ့ဝင်
[B.A(Law), LL.B]
ဒုတိယတရားသူကြီးချုပ်
တရားရုံးချုပ်
နေပြည်တော်

(၁၂) ဒေါက်တာတင်အောင်အေး အဖွဲ့ဝင်
[B.Sc, B.L, LL.M(Germany), LL.D(Germany)]
တရားရုံးချုပ်တရားသူကြီး
တရားရုံးချုပ်
ရန်ကုန်မြို့

(၁၃) ဦးတင်အေး အဖွဲ့ဝင်
(B.A, H.G.P, RL)
တရားရုံးချုပ်တရားသူကြီး
တရားရုံးချုပ်
ရန်ကုန်မြို့

(၁၄) ဒေါက်တာခင်မောင်ညွန့် အဖွဲ့ဝင်
[B.A, M.A(Modern Hist), Ph.D(London)]
အဖွဲ့ဝင်
မြန်မာသမိုင်းအဖွဲ့
ရန်ကုန်မြို့

(၁၅) ဦးထွန်းအောင်ချိန် အဖွဲ့ဝင်
[B.A, M.A(Hist) (USA)]
အတွင်းရေးမှူး
မြန်မာသမိုင်းအဖွဲ့
ရန်ကုန်မြို့

(၁၆) ဒေါက်တာမောင်မောင်ဝင့် အဖွဲ့ဝင်
[M.B.B.S, MRCP(UK), FRCP(Edin), Dr.Med.Sc.(Int. Med)]
ညွှန်ကြားရေးမှူးချုပ်(ငြိမ်း)
ဆေးသိပ္ပံပညာဦးစီးဌာန
စာပေညွှန်ကြားရေးမှူး
တပ်မတော်ဆေးတက္ကသိုလ်
ကာကွယ်ရေးဝန်ကြီးဌာန
ရန်ကုန်မြို့

(၁၇) ဦးကျော်မြင့်ဦး အဖွဲ့ဝင်
[B.Sc, M.Sc, UNDP, Certificate in Environmental Toxicology and Pollution Control Management]
ပါမောက္ခချုပ်(ငြိမ်း)
ဒဂုံတက္ကသိုလ်
ရန်ကုန်မြို့

(၁၈) ဦးမြတ်သူ(တက္ကသိုလ်မြတ်သူ) အဖွဲ့ဝင်
[B.A(Law), LL.B, H.G.P]
စာရေးဆရာ
တရားရုံးချုပ်ရှေ့နေ
အယ်ဒီတာချုပ်(ငြိမ်း)
ရန်ကုန်မြို့

(၁၉) ဒေါက်တာစိုးရင် အဖွဲ့ဝင်
[B.Sc(Hons), M.Sc(UK), Ph.D(Italy)]
ပါမောက္ခချုပ်(ငြိမ်း)
ရန်ကုန်တက္ကသိုလ်
အဖွဲ့ဝင်
ဝိဇ္ဇာနှင့်သိပ္ပံပညာရှင်အမှုဆောင်အဖွဲ့
ရန်ကုန်မြို့

(၂၀) ဦးလေးမြင့် အဖွဲ့ဝင်
[M.A(Philo), H.G.P, RL, D.B.L, D.I.L]
တရားရုံးချုပ်ရှေ့နေနှင့်ဥပဒေအကြံပေး
ရန်ကုန်မြို့

(၂၁) ဒေါက်တာမျိုးသန့်တင် အဖွဲ့ဝင်
[B.E(Chemical), M.Sc(Chem, Eng), Ph.D(Loughborough, England)]
အဖွဲ့ဝင်
ဝိဇ္ဇာနှင့်သိပ္ပံပညာရှင်အမှုဆောင်အဖွဲ့
ရန်ကုန်မြို့

(၂၂) ဒေါက်တာမြင့်သိန်း အဖွဲ့ဝင်
[B.Sc, B.Sc(Hons), M.Sc, B.L, M.A(USA), Ph.D(USA)]
ဥက္ကဋ္ဌ
မြန်မာနိုင်ငံစိုက်ပျိုးရေး၊သစ်တော၊မွေးမြူရေးနှင့်
ရေလုပ်ငန်းပညာရှင်အဖွဲ့
ရန်ကုန်မြို့

(၂၃) ဒေါက်တာသာလှရွှေ အဖွဲ့ဝင်
[M.B.B.S, DPTM, DCMT(UK), M.S.Ed(USA), Dr.Med.Sc]
ပါမောက္ခချုပ်(ငြိမ်း)၊ဆေးတက္ကသိုလ်(၂)
ဥက္ကဋ္ဌ၊မြန်မာနိုင်ငံကြက်ခြေနီအသင်း
ရန်ကုန်မြို့

(၂၄) ဒေါက်တာနီလာသိန်း အဖွဲ့ဝင်
[B.Sc.(Chem;)(Hons;), M.Sc(CS), Ph.D(Singapore)]
ပါမောက္ခချုပ်
ကွန်ပျူတာတက္ကသိုလ်
ရန်ကုန်မြို့

(၂၅) ဦးတီခွန်မြတ် အဖွဲ့ဝင်
[B.A(Law), LL.B]
ဥပဒေအရာရှိ
ကွတ်ခိုင်မြို့

(၂၆) ဒေါက်တာခင်ဇော် အဖွဲ့ဝင်
[B.A(Ed), B.Ed, Ph.D(Moscow)]
ပါမောက္ခချုပ်(ငြိမ်း)
ရန်ကုန်ပညာရေးတက္ကသိုလ်
ရန်ကုန်မြို့

(၂၇) ဦးသန်းကျော် အဖွဲ့ဝင်
[B.A (Law), LL.B]
ညွှန်ကြားရေးမှူး(ငြိမ်း)
ရှေ့နေချုပ်ရုံး
ရန်ကုန်မြို့

(၂၈) ဒေါက်တာဒေါ်တင်မေထွန်း အဖွဲ့ဝင်
[Ph.D[(Myanmar) (International Law)]
ပါမောက္ခ(ဌာနမှူး)၊ ဥပဒေပညာဌာန
ရန်ကုန်အဝေးသင်တက္ကသိုလ်
ရန်ကုန်မြို့

(၂၉) ဒေါက်တာဒေါ်ခင်မာရီ အဖွဲ့ဝင်
[Ph.D(Myanmar) (Intellectual Property Law)]
ပါမောက္ခ(ဌာနမှူး)၊ ဥပဒေပညာဌာန
ရန်ကုန်တက္ကသိုလ်
ရန်ကုန်မြို့

(၃၀) ဦးစံလွင် အဖွဲ့ဝင်
B.A(D.S.A)
ညွှန်ကြားရေးမှူးချုပ်(ငြိမ်း)
မြန်မာစာအဖွဲ့ဦးစီးဌာန
ရန်ကုန်မြို့

(၃၁) ဒေါက်တာဒေါ်ခင်ဖုန်းမြင့်ကြူ အဖွဲ့ဝင်
[Ph.D(Myanmar), (Civil Law, Family Law)
ပါမောက္ခ (ဌာနမှူး)၊ ဥပဒေပညာဌာန
မန္တလေးအဝေးသင်တက္ကသိုလ်
မန္တလေးမြို့

(၃၂) ဦးထွန်းအောင် အဖွဲ့ဝင်
[B.A(Law), LL.B]
ခရိုင်ဥပဒေအရာရှိ
ဖျာပုံမြို့

(၃၃) ဒေါ်မေရီမီနန် အဖွဲ့ဝင်
[B.A(Law), LL.B]
ဥပဒေအရာရှိအဆင့်(၁)
မြစ်ကြီးနားမြို့

စာမျက်နှာ ၄ ကော်လံ ၁ သို့ ❖

❖ စာမျက်နှာ ၃ မှ

(၃၄) ဦးစိုင်းမောင်ရီ အဖွဲ့ဝင်
[B.Com, H.G.P]
အထက်တန်းရှေ့နေ
ဗန်းမော်မြို့

(၃၅) ဦးအင်ဇော်နော် အဖွဲ့ဝင်
[B.A(Law), LL.B]
ခရိုင်ဥပဒေအရာရှိ(ငြိမ်း)
မြစ်ကြီးနားမြို့

(၃၆) ဦးဒီဆင်ရမ် အဖွဲ့ဝင်
[B.A(Law), LL.B]
ခရိုင်ဥပဒေအရာရှိ
မိုးညှင်းမြို့

(၃၇) ဦးတိုးရယ် အဖွဲ့ဝင်
[B.A(Law), LL.B]
တရားရုံးချုပ်ရှေ့နေ
လွိုင်ကော်မြို့

(၃၈) ဦးစောအောင်ကျော်မင်း အဖွဲ့ဝင်
(LL.B)
အထက်တန်းရှေ့နေ
ဘားအံမြို့

(၃၉) ဦးဟောက်ခန့်မန် အဖွဲ့ဝင်
[B.A(Law), LL.B]
ဦးစီးအရာရှိ(ငြိမ်း)
တွန်းဇံမြို့

(၄၀) ဦးရှီသီး အဖွဲ့ဝင်
(B.Sc, B.Ed)
မြို့နယ်ပညာရေးမှူး
လေရှီးမြို့

(၄၁) ဦးညွန့်တင် အဖွဲ့ဝင်
[B.A(Geog), H.G.P]
ပြည်နယ်တရားသူကြီး(ငြိမ်း)
မော်လမြိုင်မြို့

(၄၂) ဦးသာလှ အဖွဲ့ဝင်
[B.A(Law), LL.B]
ဒုတိယပြည်နယ်ဥပဒေအရာရှိ(ငြိမ်း)
စစ်တွေမြို့

(၄၃) ဦးစိုင်းခမ်းမှတ် အဖွဲ့ဝင်
(B.A, H.G.P)
အထက်တန်းရှေ့နေ
လားရှိုးမြို့

(၄၄) ဦးညွန့်မောင် အဖွဲ့ဝင်
[B.Sc(Zoo)]
ကုန်သည်
နမ့်စန်မြို့

(၄၅) ဦးဆိုင်ပေါင်းနပ် အဖွဲ့ဝင်
(B.A, H.G.P)
အထက်တန်းရှေ့နေ
လားရှိုးမြို့

(၄၆) ဦးပီတာသောင်းစိန် အဖွဲ့ဝင်
(LL.B, D.C.Sc)
တရားရုံးချုပ်ရှေ့နေ
ကျိုင်းတုံမြို့

(၄၇) ဦးစတီဗင် အဖွဲ့ဝင်
[B.A(Geog), H.G.P]
အထက်တန်းရှေ့နေ
ကျိုင်းတုံမြို့

(၄၈) ဦးစိုင်းကျော်ဇံ အဖွဲ့ဝင်
[B.A(Law), LL.B, D.C.Sc]
ခရိုင်ဥပဒေအရာရှိ
တာချီလိတ်မြို့

(၄၉) ဦးညီနပ် အဖွဲ့ဝင်
[B.Sc(Phy:)]
ကုန်သည်
တာချီလိတ်မြို့

(၅၀) ဦးစိုင်းတင့်ဆိုင် အဖွဲ့ဝင်
[B.A(Law),LL.B)
ဗဟိုတရားရုံးရှေ့နေ
တောင်ကြီးမြို့

(၅၁) ဦးခွန်ဆန်းရွှေ အဖွဲ့ဝင်
(LL.B)
ကုန်သည်
တောင်ကြီးမြို့

(၅၂) ဦးငွေစိုး အဖွဲ့ဝင်
(LL.B)
ကုန်သည်
ပင်းတယမြို့

(၅၃) ဒေါက်တာသောင်းမြင့် အတွင်းရေးမှူး
[M.B.B.S, M.Sc(Forensic Medicine), GDR]
ပါမောက္ခ(ဌာနမှူး)(ငြိမ်း)
ဥပဒေရေးရာဆေးပညာဌာန
ဆေးတက္ကသိုလ်(မန္တလေး)
အကြံပေးပုဂ္ဂိုလ်
ကျန်းမာရေးဝန်ကြီးဌာန
နေပြည်တော်

(၅၄) ဦးဝင်းကို တွဲဖက်အတွင်းရေးမှူး
(LL.B, LL.M)
ညွှန်ကြားရေးမှူးချုပ်
ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ
ကျင်းပရေးကော်မရှင်ရုံး၊
ရန်ကုန်မြို့

အမိန့်အရ

(ပုံ) သိန်းစိန်
ဒုတိယဗိုလ်ချုပ်ကြီး
အတွင်းရေးမှူး(၁)
နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ

ရွှေရောင်မြင် သာသနာ့ရိပ်သာ၌ စုပေါင်းကထိန်သင်္ကန်းကပ်လှူပွဲ ကျင်းပမည်

ရန်ကုန် အောက်တိုဘာ ၁၈

ရန်ကုန်တိုင်း တွံတေးမြို့နယ် ကံဘဲ့စံပြကျေးရွာရှိ ရွှေရောင်မြင် သာသနာ့ရိပ်သာ၌ နိုဝင်ဘာ ၁၈ရက်တွင် ပြည်မြို့ ဂျီတီအိုင်ကျောင်းဆင်း အင်ဂျင်နီယာများက စုပေါင်းကထိန်သင်္ကန်းကပ်လှူပွဲ ကျင်းပမည်ဖြစ်ရာ ပါဝင်လှူဒါန်းလိုသူများသည် ဦးခင်မောင်ဝင်း ဖုန်း-၀၉၅၀၀၄၅၂၅၊ ဦးတင်အေး ဖုန်း-၀၉၅၀၀၃၇၈၂၊ ကာတွန်း ကိုရွှေထူး(ပြည်)ဖုန်း-၀၉၅၀၁၆၈၇၆၊ ဦးဝေလွင် ဖုန်း-၀၉၅၁၃၂၇၇၄ နှင့် ဦးအောင်မိုး ဖုန်း-၀၉၅၁၅၃၉၉၅ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်းနှင့် ကထိန်သင်္ကန်းကပ်လှူပွဲသို့ ကိုယ်တိုင် တက်ရောက်နိုင်ပါရန် ဖိတ်ကြားထားကြောင်း သိရှိရသည်။

(သတင်းစဉ်)

တာမွေမြို့နယ် အမက(၇)၌ ၂၀၀၇-၂၀၀၈ ပညာသင်နှစ် (၉)ကြိမ်မြောက် အာဟာရအလှူရှင် ကျားကွက်သစ် ဣန္ဒာသယလမ်းနေ ဦးလှဦး-ဒေါ်အေးအေးခိုင်၊ သား မောင်ဘုန်းမြတ်သူ(Grade 5 A1)၊ မောင်ဆန်းတိုးတက် (Grade 2 B2)မိသားစုတို့က အောက်တိုဘာ ၁၂ရက်တွင် တစ်ကျောင်းလုံးရှိ ဆရာ၊ ဆရာမ၊ ကျောင်းသား၊ ကျောင်းသူများအား အာဟာရ ရေခဲမုန့် ကျွေးမွေးလှူဒါန်းစဉ်။ (ပညာရေး)

ကြေးမုံ The Mirror နိုင်ငံတကာသတင်းများ

ခေတ်မီတပ်မတော်ထူထောင်ရန် သမ္မတ ဟူကျင်တောင် ပြောကြား

ပေကျင်း အောက်တိုဘာ ၁၇

နိုင်ငံတော်ကာကွယ်ရေးနှင့် ကမ္ဘာ့ငြိမ်းချမ်းရေး ထိန်းသိမ်းရေးအတွက် တရုတ်တပ်မတော်ကို လာမည့်ငါးနှစ်အတွင်း ခေတ်မီတပ်မတော်ဖြစ်စေရန် ဆောင်ရွက်သွားမည်ဖြစ်ကြောင်းသမ္မတ ဟူကျင်တောင်က (၁၆)ကြိမ်မြောက် တရုတ်ကွန်မြူနစ်ပါတီ ဗဟိုကော်မတီ အစည်းအဝေး၌ မိန့်ခွန်းပြောကြားရာတွင် ထည့်သွင်းပြောကြားသွားသည်။ မိမိတို့အနေဖြင့် တရုတ်နိုင်ငံ၏ အချုပ်အခြာအာဏာ၊လုံခြုံရေးနှင့် နယ်မြေ ပိုင်နက်ကို ကာကွယ်စောင့်ရှောက်ပြီး ကမ္ဘာ့ငြိမ်းချမ်းရေးကို ထိန်းသိမ်းရာတွင် ပါဝင်လှုပ်ရှားသွားရန် သန္နိဋ္ဌာန်ချထားကြောင်း ဟူက ပြောကြားသည်။

အမျိုးသား လုံခြုံရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးအတွက် မဟာဗျူဟာမြောက် အကျိုးစီးပွားများနှင့်အညီ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ နိုင်ငံ့စီးပွားတိုးတက်မှုနှင့်အတူ စွမ်းပကားထက်မြက်သော လက်နက်ကိုင်တပ်ဖွဲ့အဖြစ် တည်ဆောက်သွားမည်ဖြစ်ကြောင်း ဟူက ပြောကြားသည်။

အမ်အင်အေ၊ဆင်ဟွာ။

အီရတ်တွင် တိုက်ခိုက်မှုနှစ်ခုဖြစ်ပွား အမေရိကန်တပ်ဖွဲ့ဝင်နှစ်ဦး သေဆုံး

ဘဂ္ဂဒက် အောက်တိုဘာ ၁၇

အီရတ်နိုင်ငံတွင် အောက်တိုဘာ ၁၄ရက်က သီးခြားတိုက်ခိုက်မှုဖြစ်ပွားရာ အမေရိကန်တပ်ဖွဲ့ဝင် နှစ်ဦး သေဆုံးပြီး သုံးဦး ဒဏ်ရာရခဲ့ကြောင်း အမေရိကန် စစ်ဘက်ထုတ်ပြန်ချက်တွင် ဖော်ပြထားသည်။ ဘဂ္ဂဒက်မြို့ တောင်ဘက်ပိုင်းတွင် စစ်ရေးလှုပ်ရှားမှုပြုလုပ်စဉ် လမ်းဘေး ဗုံးတစ်လုံးပေါက်ကွဲရာ အပြည်ပြည်ဆိုင်ရာတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်တစ်ဦး သေဆုံးပြီး သုံးဦး ဒဏ်ရာရရှိသွားကြောင်း အမေရိကန်စစ်ဘက်ကြေညာချက်တွင် ပါရှိသည်။

အီရတ်နိုင်ငံမြောက်ပိုင်း နင်းနီးဗီးပြည်နယ်၌ ဖြစ်ပွားသည့် စစ်ရေးနှင့် မသက်ဆိုင်သည့် လှုပ်ရှားမှုတစ်ခုတွင် တစ်ဦး သေဆုံးသွားကြောင်းသာ ဖော်ပြပြီး အသေးစိတ် အချက်အလက်များကို ကြေညာခြင်းမရှိပေ။ ယခုအခါ အဆိုပါအဖြစ်အပျက်များနှင့် ပတ်သက်၍ စုံစမ်းလျက်ရှိသည်။

အမ်အင်အေ၊ဆင်ဟွာ။

အမေရိကန်၌ မူးယစ်ဆေးဝါးသုံးစွဲသူ လူငယ်ထောင်သောင်းချီ ရှိနေကြောင်း တွေ့ရ

ဝါရှင်တန် အောက်တိုဘာ ၁၈

အမေရိကန်လူငယ်ထောင်ပေါင်းများစွာတို့၏ ဘဝတွင် အရက်သေစာသောက်စားခြင်း၊ ဆေးလိပ်သောက်ခြင်းနှင့် မူးယစ်ဆေးဝါးသုံးစွဲခြင်းများ ပြုလုပ်နေကြသည်ကို တွေ့ရကြောင်း ကွင်းဆင်းလေ့လာချက် စာတမ်းတစ်စောင်က ဖော်ပြသည်။

ပျမ်းမျှအားဖြင့် နေ့စဉ် လူငယ် ၁ဒသမ ၂သန်းသည် ဆေးလိပ်သောက်သုံးကြပြီး ၆၃၁၀၀၀မှာ အရက်သေစာသောက်စားကာ ၅၈၆,၀၀၀မှာ ဆေးခြောက်သုံးစွဲကြသည်ကို တွေ့ရသည်ဟု အမေရိကန်နိုင်ငံ မူးယစ်ဆေးဝါးနှင့် စိတ်ပိုင်းဆိုင်ရာကျန်းမာရေးဌာန လေ့လာချက်၌ ဖော်ပြထားသည်။ လူငယ် ၅၀၀၀၀ တို့က ရှူရသော မူးယစ်ဆေးဝါးကိုသုံးစွဲကာ ၂၇၀၀၀သည် စိတ်ထင်ယောင်ထင်မှားဖြစ်စေသော ဟောလူဆီဆိုကျင် မူးယစ်ဆေးကိုသုံးစွဲပြီး ၁၃၀၀၀ တို့မှာ ကိုကင်းသုံးကြသည်ဟုဆိုသည်။ ထို့အပြင် ၃၈၀၀ ခန့်မှာ ဘိန်းဖြူ သုံးစွဲကြကြောင်း ယင်းလေ့လာချက်၌ ဖော်ပြထားသည်။

ဖော်ပြပါလေ့လာချက်သည် မူးယစ်ဆေးဝါးသုံးစွဲမှု ကွင်းဆင်းတိုင်းထွာချက်များမှ ရရှိထားသော စာရင်းအင်းအချက်အလက်များအပေါ် အခြေခံ၍ ဖော်ပြထားခြင်းဖြစ်သည်။ *အမ်အင်အေ၊ရိုက်တာ။*

အီရတ်၌ လက်နက်ငယ်ဖြင့်ပစ်ခတ်ကာ တပ်ဖွဲ့ဝင်တစ်ဦး သေဆုံး

ဘဂ္ဂဒက် အောက်တိုဘာ ၁၈

အီရတ်နိုင်ငံ ဘဂ္ဂဒက်တောင်ပိုင်းတွင် လက်နက်ငယ်ဖြင့် ပစ်ခတ်ခံရသည့်အတွက် အမေရိကန်တပ်ဖွဲ့ဝင်တစ်ဦး သေဆုံးကြောင်း စစ်ဘက်ဆိုင်ရာ သတင်းရပ်ကွက်က အောက်တိုဘာ ၁၇ ရက်တွင် ပြောကြားသည်။

အီရတ်နိုင်ငံရောက် နိုင်ငံစုံတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များသည် နိုင်ငံတောင်ပိုင်း၌ စစ်ရေးလှုပ်ရှားမှုများ ဆောင်ရွက်စဉ် သေနတ်ထိမှန်သေဆုံးခြင်းဖြစ်ကြောင်း စစ်ဘက်ထုတ်ပြန်ချက်တွင် ဖော်ပြထားသည်။ အီရတ်စစ်ပွဲစတင်သည့် ၂၀၀၃ ခုနှစ်မှ ယနေ့အထိ အီရတ်၌ သေဆုံးရသော အမေရိကန်တပ်ဖွဲ့ဝင် စုစုပေါင်းမှာ ၃၈၂၈ ဦးရှိသွားပြီဖြစ်သည်။ *အမ်အင်အေ၊ဆင်ဟွာ။*

(၁၅)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ နေပြည်တော်ရှိ သတ်မှတ်နေရာအသီးသီးတို့၌ စည်ကားသိုက်မြိုက်ခမ်းနားစွာ ကျင်းပ

နေပြည်တော် အောက်တိုဘာ ၁၈

ခိုင်မာသော ပြည်ထောင်စုစိတ်ဓာတ်အပေါ် အခြေခံသည့် မျိုးချစ်စိတ်ဓာတ်နှင့် ဇာတိသွေးဇာတိမာန် ထက်မြက်မြင့်မားစေရန်၊ အမျိုးဂုဏ်၊ ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရန်၊ မြန်မာ့ဂီတ၊ မြန်မာ့အကနှင့် မြန်မာတို့၏ ရိုးရာယဉ်ကျေးမှု အနုပညာများ ရှင်သန်ထွန်းကားပြန့်ပွားရန်၊ လူငယ်ထု၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားမှုကို တိုးတက်ဖြစ်ထွန်းစေရန်နှင့် တိုင်းတစ်ပါး ယဉ်ကျေးမှုလွှမ်းမိုးခြင်းမှ ကာကွယ်တားဆီးရန်ဟူသော ပြိုင်ပွဲဦးတည်ချက်များနှင့်အညီ စည်ကားသိုက်မြိုက်ခမ်းနားစွာ ကျင်းပသည့် ၂၀၀၇ခုနှစ် (၁၅)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲကို သတ်မှတ်နေရာအသီးသီးတို့ဖြစ်သည့် နေပြည်တော် ရေဆင်းရှိ စိုက်ပျိုးရေးတက္ကသိုလ်၊ မွေးမြူရေးဆိုင်ရာ ဆေးတက္ကသိုလ်၊ စိုက်ပျိုးရေးသုတေသနဌာနနှင့် သစ်တောသုတေသနဌာနတို့၌ ယမန်နေ့မှစတင်၍ ကျင်းပသည်။

ထိုသို့ကျင်းပရာတွင် (၁၅)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊အရေး၊အတီးပြိုင်ပွဲ၏ အဆိုပြိုင်ပွဲကို နေပြည်တော်ရေဆင်း စိုက်ပျိုးရေးတက္ကသိုလ် စုဝေးခန်းမ၌လည်းကောင်း၊ အကပြိုင်ပွဲကို မွေးမြူရေးဆိုင်ရာ ဆေးတက္ကသိုလ် ဘွဲ့နှင်းသဘင်ခန်းမ၌လည်းကောင်း၊ အရေးပြိုင်ပွဲကို စိုက်ပျိုးရေးသုတေသနဌာန သင်တန်းခန်းမ၌လည်းကောင်း၊ အတီးပြိုင်ပွဲကို သစ်တောသုတေသနဌာန စုဝေးခန်းမ၊ စိုက်ပျိုးရေးသုတေသနဌာန စုဝေးခန်းမ၊ စိုက်ပျိုးရေးတက္ကသိုလ် စာသင်ခန်းမနှင့် ဘွဲ့နှင်းသဘင်ခန်းမတို့၌ လည်းကောင်း အသီးသီးကျင်းပကြရာ (၁၅)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲကျင်းပရေးဦးစီးကော်မတီ နာယက၊ ခေတ္တနိုင်ငံတော်ဝန်ကြီးချုပ်နှင့် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်၊ ဦးစီးကော်မတီဥက္ကဋ္ဌ ၊ နေပြည်တော်တိုင်း စစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ် ဝေလွင်၊ အစိုးရအဖွဲ့–အဖွဲ့ဝင် ဝန်ကြီးများ၊ စာရင်းစစ်ချုပ် ဒုတိယဝန်ကြီးများ၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး ညွှန်ကြားရေးမှူးချုပ်နှင့် ဌာနဆိုင်ရာ အကြီးအကဲများ၊ (၁၅)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲကျင်းပရေး လုပ်ငန်းကော်မတီ အတွင်းရေးမှူး၊ ယဉ်ကျေးမှုဝန်ကြီးဌာန အနုပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးရန်နိုင်ဦးနှင့် လုပ်ငန်းကော်မတီဝင်များ၊ ဆပ်ကော်မတီ အသီးသီးတို့မှ ကော်မတီဝင်များ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ပြည်နယ်နှင့် တိုင်းများမှ တိုင်းရင်းသားရိုးရာယဉ်ကျေးမှု ကိုယ်စားလှယ်များ၊ မြန်မာ့ရိုးရာယဉ်ကျေးမှု အနုပညာကို ချစ်မြတ်နိုးကြသော ပြည်သူများ တစ်ခဲနက် လာရောက်ကြည့်ရှု အားပေးကြသည်။

(၁၅)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ၏ ဝါသနာရှင်အဆင့် (ပထမတန်း)အမျိုးသား အဆိုပြိုင်ပွဲကို နံနက် ၉နာရီတွင် နေပြည်တော် ရေဆင်းရှိ စိုက်ပျိုးရေးတက္ကသိုလ် စုဝေးခန်းမ၌ စတင်ကျင်းပရာ အဆိုအကဲဖြတ်လုပ်ငန်းအဖွဲ့ဥက္ကဋ္ဌ မြန်မာ့အသံနှင့် ရုပ်မြင်သံကြားမှ လက်ထောက်ညွှန်ကြားရေးမှူး တေးသံရှင် ဒေါ်တင်တင်မြ (အငြိမ်းစား)၊ အတွင်းရေးမှူး မြန်မာ့အသံနှင့် ရုပ်မြင်သံကြားမှ လက်ထောက် အင်ဂျင်နီယာ ဒေါ်မေပြုံးခိုင်၊ တွဲဖက်အတွင်းရေးမှူး (၁) အနုပညာဦးစီးဌာနမှလက်ထောက်ညွှန်ကြားရေးမှူး ဦးကျော်ဆွေ၊ တွဲဖက်အတွင်းရေးမှူး(၂) မြန်မာ့အသံနှင့် ရုပ်မြင်သံကြားမှ အနုပညာရှင်(၁) ဒေါ်တင်မေသက်(ခ)ဒေါ်မေဘရဏီခိုင်၊ အဆိုအကဲဖြတ်အဖွဲ့ အဖွဲ့ခေါင်းဆောင် ဦးမင်းနောင်နှင့် အဖွဲ့ဝင်များက ကြီးကြပ်၍ အကဲဖြတ် အမှတ်ပေးကြသည်။

ခေတ်ဟောင်း ကာလပေါ် ဝါသနာရှင်အဆင့်(ပထမတန်း) (အမျိုးသား) အဆိုပြိုင်ပွဲတွင် တေးသံရှင် မောင်မောင်ကြီး၏ "တေးဘုမ္မာ" သီချင်းဖြင့် ရှမ်းပြည်နယ်မှ ဦးစိုင်းညိုမင်း၊ မန္တလေးတိုင်းမှ ဦးအောင်ကျော်ဆန်းနှင့် ဦးသက်နိုင်၊ ရန်ကုန်တိုင်းမှ ဦးဘိုတင် (ခ) ဦးကံ၊ မွန်ပြည်နယ်မှ ဦးမင်းဟန်၊ ရခိုင်ပြည်နယ်မှ ဦးတင်လှိုင်ဦး၊ ရန်ကုန်တိုင်းမှ ဦးမင်းရဲထွန်း၊ ကချင်ပြည်နယ်မှ ဦးဇော်မင်းထွန်း၊ ဧရာဝတီတိုင်းမှ ဦးရဲထိုက်၊ တနင်္သာရီတိုင်းမှ ဦးဟန်စိုး၊ စစ်ကိုင်းတိုင်းမှ ဦးသန်းမြတ်စိုးနှင့် မကွေးတိုင်းမှ ဦးမောင်မောင်သိန်းတို့ သီဆိုပြိုင်ပွဲဝင်ကြသည်။

ထို့အတူခေတ်ဟောင်း၊ ကာလပေါ် အခြေခံပညာအဆင့် (၁၅–၂၀)နှစ် (အမျိုးသမီး) အဆိုပြိုင်ပွဲတွင် "ဇာတိနွယ်" သီချင်းဖြင့် ရန်ကုန်တိုင်းမှ မဥမ္မာမွန်နှင့် မစုပြည့်ဖြိုးမွန်၊ စစ်ကိုင်းတိုင်းမှ မဇင်မာငြိမ်း၊ ကချင်ပြည်နယ်မှ မကြည်ကြည်ဝါ၊ ရခိုင်ပြည်နယ်မှ မဦးခင်သိန်း၊ ဧရာဝတီတိုင်းမှ မအေးမဥ္ဇူမျိုး၊ ရှမ်းပြည်နယ်မှ မမျိုးနှင်းသဇင်၊ မကွေးတိုင်းမှ မငြိမ်းအိဖြိုး၊ ကရင်ပြည်နယ်မှ မဝတ်ရည်ထက်၊ ပဲခူးတိုင်းမှ မဟေမာန်စိုးမိုး၊ မွန်ပြည်နယ်မှ မလဲ့လဲ့ဝင်းမော်၊ ကယားပြည်နယ်မှ မချောစု၊ ချင်းပြည်နယ်မှ မစိန်စန်းနွမ်း၊ မန္တလေးတိုင်းမှ မပန်းအိနှင့် မနန္ဒာလင်းတို့က သီဆိုပြိုင်ပွဲဝင်ကြသည်။

ဝါသနာရှင်(ပထမတန်း) အိုးစည်ပြိုင်ပွဲတွင် စစ်ကိုင်းတိုင်း ချင်းတွင်းစနေနှင့်အဖွဲ့ ပါဝင်ယှဉ်ပြိုင်စဉ်။
(သတင်းစဉ်)

အက ယှဉ်ပြိုင်

ဝါ သ နာ ရှင် အဆင့် (ပထမတန်း) အမျိုးသမီး အက ပြိုင်ပွဲတွင် ရန်ကုန် တိုင်းမှ ပြိုင်ပွဲဝင် တစ်ဦး ယှဉ်ပြိုင်စဉ်။
(သတင်းစဉ်)

အကပြိုင်ပွဲ

(၁၅)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ၏ ဝါသနာရှင်အဆင့် (ပထမတန်း) အမျိုးသမီး အကပြိုင်ပွဲကို နံနက်၉နာရီတွင် နေပြည်တော် ရေဆင်းရှိ မွေးမြူရေးဆိုင်ရာ ဆေးတက္ကသိုလ်ဘွဲ့နှင်းသဘင်ခန်းမ၌ စတင်ကျင်းပရာ အက အကဲဖြတ်လုပ်ငန်းအဖွဲ့ဥက္ကဋ္ဌ ဦးစိန်မာဒင်နှင့် အကဲဖြတ်လုပ်ငန်းအဖွဲ့ဝင်များက ကြီးကြပ် အကဲဖြတ်၍ အမှတ်ပေးကြသည်။

ဝါသနာရှင်အဆင့် (ပထမတန်း) အမျိုးသမီး အကပြိုင်ပွဲတွင် စစ်ကိုင်းတိုင်းမှ ဒေါ်ဝိုင်းဝိုင်းလည်၊ မန္တလေးတိုင်းမှ ဒေါ်ဇာနည်အောင်နှင့် ဒေါ်မိမိကျော်၊ ရန်ကုန်တိုင်းမှ ဒေါ်ဝါဝါလှိုင်နှင့် ဒေါ်ဆုဝတီ(ခ)ဒေါ်တင်မာဝင်းနှင့် မွန်ပြည်နယ်မှ ဒေါ်နီနီနိုင်တို့ ဝင်ရောက်ပြိုင်ပွဲဝင်ကြပြီး ပြိုင်ပွဲကို ခေတ္တရပ်နားသည်။

မွန်းလွဲပိုင်းတွင် ဝါသနာရှင်အဆင့် (ပထမတန်း) အမျိုးသား အကပြိုင်ပွဲကို ဆက်လက်ကျင်းပရာ ပဲခူးတိုင်းမှ ဦးဇော်မျိုးဝင်း (ခ) ထက်ကိုကို၊ ရန်ကုန်တိုင်းမှ ဦးနိုင်လင်း၊ မွန်ပြည်နယ်မှ မောင်မင်းခန့်၊ မကွေးတိုင်းမှ ဦးကိုကိုနိုင်၊ မန္တလေးတိုင်းမှ ဦးမျိုးမင်းထွန်း၊ ရန်ကုန်တိုင်းမှ ဦးသန်းထွဋ်အောင်၊ ဧရာဝတီတိုင်းမှ ဦးအောင်စိုးမင်းနှင့် မန္တလေးတိုင်းမှ ဦးကျော်မင်းထွေး(ခ) ခွန်ကြယ်ဖြူတို့က ပါဝင်ယှဉ်ပြိုင်ကြသည်။

အရေးပြိုင်ပွဲ

(၁၅)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ၏ အရေးပြိုင်ပွဲကို နံနက် ၉နာရီတွင် နေပြည်တော် ရေဆင်းရှိ စိုက်ပျိုးရေး သုတေသနဦးစီးဌာန သင်တန်းခန်းမ၌ ကျင်းပရာ အရေးပြိုင်ပွဲ အကဲဖြတ်အမှတ်ပေးအဖွဲ့ ဥက္ကဋ္ဌ ဦးမောင်မောင်လတ်၊ အတွင်းရေးမှူး အနုပညာဦးစီးဌာန ညွှန်ကြားရေးမှူး (ထုတ်လုပ်) ဦးဇော်ငွေးနှင့် ပြည်နယ်နှင့်တိုင်းများမှ အကဲဖြတ် အမှတ်ပေးအဖွဲ့ဝင်များက ကြပ်မတ်ဆောင်ရွက်ပေးကြသည်။

ဝါသနာရှင်အဆင့် (ပထမတန်း) တေးစာသားရေးသားခြင်းနှင့် သံစဉ်ထည့်သွင်းခြင်း ပြိုင်ပွဲတွင် "စစ်မှန်သောမျိုးချစ်စိတ်" ခေါင်းစဉ်ဖြင့် ကချင်ပြည်နယ်မှ ဦးဝင်းနွယ်၊ ကယားပြည်နယ်မှ ဦးရွှေထွန်း၊ ကရင်ပြည်နယ်မှ ဦးမြင့်စိုး၊ ချင်းပြည်နယ်မှ ဦးအောင်တင်၊ မွန်ပြည်နယ်မှ ဦးထွန်းအုပ်ကျော်၊ ရှမ်းပြည်နယ်မှ ဦးဝင်းလှိုင်၊ စစ်ကိုင်းတိုင်းမှ ဦးကျော်လင်း၊ မကွေးတိုင်းမှ ဦးမောင်မောင်သိန်း၊ မန္တလေးတိုင်းမှ ဦးသက်မြင့်လွင်နှင့် ဦးရဲထွန်းဝင်း၊ ရန်ကုန်တိုင်းမှ ဦးတင့်ခိုင်နှင့် ဒေါ်မူမူဆွေ၊ ဧရာဝတီတိုင်းမှ ဦးသန်းရှိန်တို့ ပါဝင်ယှဉ်ပြိုင်ကြသည်။

ဝါသနာရှင်အဆင့် (ဒုတိယတန်း) တေးစာသားရေးသားခြင်းနှင့် သံစဉ်ထည့်သွင်းခြင်းပြိုင်ပွဲတွင် "သတိနှင့်ယှဉ် အောင်ပွဲဆင်" ခေါင်းစဉ်ဖြင့် ကချင်ပြည်နယ်မှ ဒေါ်မြဝင်းကြည်၊ ကယားပြည်နယ်မှ မောင်စိုးရာဇာဝင်း၊ ကရင်ပြည်နယ်မှ ဦးမျိုးလင်းလင်း၊ ချင်းပြည်နယ်မှ ဦးဇော်မင်းလတ်၊ မွန်ပြည်နယ်မှ ဦးသိန်းစိုး၊ ရှမ်းပြည်နယ်မှ ဦးဟန်မျိုးအောင်၊ စစ်ကိုင်းတိုင်းမှ ဦးသောင်းတန်၊ တနင်္သာရီတိုင်းမှ ဦးဇော်ထွန်းသောင်း၊ ပဲခူးတိုင်းမှ ဦးခင်မောင်ဇော်၊ မကွေးတိုင်းမှ ဦးသိုက်ထွန်း၊ မန္တလေးတိုင်းမှ ဦးကောင်းထက်ကျော်နှင့် ဦးငြိမ်းချမ်းအောင်၊ ရန်ကုန်တိုင်းမှ ဒေါ်ခင်မိမိမိုးနှင့် ဒေါ်ခင်ဝင်းဆွေ (ခ) မြကြာဖြူ၊ ဧရာဝတီတိုင်းမှ ဦးစိုးမြင့်တို့ ပါဝင်ယှဉ်ပြိုင်ကြသည်။

အဆင့်မြင့်ပညာအဆင့် တေးစာသားရေးသားခြင်းနှင့် သံစဉ်ထည့်သွင်းခြင်းပြိုင်ပွဲတွင် "ပွင့်သောပန်းတိုင်းမွှေးပါစေ"

စာမျက်နှာ ၇ ကော်လံ ၃ သို့

(၁၅)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ အစီအစဉ်ဇယား

စဉ်	ရက်စွဲ	ပြိုင်ပွဲဘာသာရပ်	ပြိုင်ပွဲအဆင့်	အချိန်	နေရာ
၃	**၁၉-၁၀-၂၀၀၇ (သောကြာနေ့)**	ခေတ်ဟောင်း/ကာလပေါ်	အခြေခံ (၁၀–၁၅) (ကျား)	၀၉၀၀	စိုက်ပျိုးရေးတက္ကသိုလ်
			ဝါသနာရှင် (ဒု) (မ)	၁၃၀၀	(စုဝေးခန်းမ)
		အက	အခြေခံ (၁၀–၁၅) (မ)	၀၉၀၀	မွေးမြူရေးဆိုင်ရာ
		ဇာတ်သဘင်	**သုဝဏ္ဏသာမဇာတ်တော်ကြီး**	၁၉၀၀	ဆေးတက္ကသိုလ်(ဘွဲ့နှင်း)
			ရန်ကုန်တိုင်းမောင်ဉာဏ်ဝင်းနှင့်အဖွဲ့	၁၉၀၀	
		အရေး(သီချင်းတိုက်လေ့ကျင့်)	ဝါသနာရှင် (ပ)	၀၉၀၀	စိုက်ပျိုးရေးသုတေသန (သင်တန်းခန်းမ)
		စန္ဒရား	ဝါသနာရှင် (ပ) (မ)	၀၉၀၀	သစ်တောသုတေသန
			အခြေခံ (၁၀–၁၅) (ကျား)	၁၃၀၀	(စုဝေးခန်းမ)
		ဂီတာ	ဝါသနာရှင် (ဒု) (ကျား) (မ)	၀၉၀၀	စိုက်ပျိုးရေးတက္ကသိုလ်
			အဆင့်မြင့် (ကျား)	၁၃၀၀	(စာသင်ခန်းမ)
			အခြေခံ (၁၀–၁၅) (ကျား) (မ)		။
		အိုးစည်	ဝါသနာရှင် (ဒု)	၀၉၀၀	စိုက်ပျိုးရေးသုတေသန
			အခြေခံ (၅–၁၀)	၁၃၀၀	(စုဝေးခန်းမ)
		ဆိုင်း (တစ်ဦးချင်း)	အခြေခံ (၁၅–၂၀) (ကျား)	၀၉၀၀	စိုက်ပျိုးရေးတက္ကသိုလ်
			အခြေခံ (၅–၁၀) (ကျား)	၁၃၀၀	(ဘွဲ့နှင်းသဘင်ခန်းမ)

(၁၅)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲတွင် တင်ဆက်ယှဉ်ပြိုင်လျက်ရှိသည့် သုဝဏ္ဏသာမ ဇာတ်တော်ကြီး

ဒေါက်တာခင်မောင်ညွန့်

၂၀၀၇ ခုနှစ် (၁၅)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊အရေး၊အတီးပြိုင်ပွဲကြီးကို အောက်တိုဘာလ ၁၇ရက်နေ့မှ ၂၉ရက်နေ့အထိ နေပြည်တော်၌ စည်ကားသိုက်မြိုက်စွာ ကျင်းပလျက်ရှိသည်။

မြန်မာတို့၏ ရိုးရာယဉ်ကျေးမှု အမွေအနှစ်များဖြစ်သည့် မြန်မာ့ဂီတ၊ မြန်မာ့အက၊ မြန်မာ့သဘင် စသော အနုပညာရပ်များ အရှည်တည်တံ့စေပြီး မြန်မာနိုင်ငံတစ်နံတစ်လျား၊ ပြည်နယ်၊ တိုင်း ဒေသအားလုံး၌ အခြေခိုင်မာတည်တံ့ပြန့်ပွားရေး၊ မြန်မာ့အနုပညာရပ်များကို လက်ဆင့်ကမ်းသယ်ဆောင်သွားမည့် အနုပညာရှင်မျိုးဆက်သစ်များ စဉ်ဆက်မပြတ်ပေါ်ထွန်းလာရေး၊ အမျိုးသားရေးဂုဏ်သိက္ခာနှင့် အမျိုးသားရေးစရိုက်လက္ခဏာများ ထာဝစဉ်ရှင်သန်ရေး စသည့် မွန်မြတ်သောရည်မှန်းချက်များဖြင့် ၁၉၉၃ ခုနှစ်မှစတင်ပြီး မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲများကို နိုင်ငံတော်က တာဝန်ယူကျင်းပလာခဲ့ရာ (၁၅)ကြိမ်မြောက်သို့ပင် ရောက်ရှိလာခဲ့ပြီဖြစ်ပါသည်။

မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲကြီး၏ အနှစ်သာရမှာ သမိုင်းအစဉ်အလာကြီးမားသည့် မြန်မာတို့၏ ယဉ်ကျေးမှုနှင့် အမျိုးသားရေး စရိုက်လက္ခဏာများကို အစဉ်ထာဝရ ရှင်သန်တည်တံ့ အဓွန့်ရှည် ခိုင်မြဲစေရအောင် ထိန်းသိမ်းမြှင့်တင်ပေးရေးပင် ဖြစ်သည်။ ဤအနှစ်သာရဖြင့် နှစ်စဉ်ကျင်းပလာခဲ့သည့် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲကြီးများသည် မြန်မာတို့၏ ရိုးရာအမွေအနှစ်များကို စောင့်ရှောက်သည့်၊ မြန်မာ့ရိုးရာယဉ်ကျေးမှုဓလေ့နှင့် ယဉ်ကျေးမှုစံနှုန်းများကို မျိုးဆက်သစ်များအား လက်ဆင့်ကမ်းပေးသည့်၊ မြန်မာ့ရိုးရာအမျိုးသားရေးစရိုက်လက္ခဏာများကို ထိန်းသိမ်းသည့်ပွဲများပင် ဖြစ်ပေသည်။

ယခုနှစ် **(၁၅)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲကြီးကို ခိုင်မာသော ပြည်ထောင်စုစိတ်ဓာတ်အပေါ် အခြေခံသည့် မျိုးချစ်စိတ်ဓာတ်နှင့် ဇာတိသွေး၊ ဇာတိမာန် ထက်မြက်မြင့်မားစေရန်၊ အမျိုးဂုဏ်၊ ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှု အမွေအနှစ်များ၊ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရန်၊ မြန်မာ့ဂီတ၊ မြန်မာ့အကနှင့် မြန်မာတို့၏ ရိုးရာယဉ်ကျေးမှု အနုပညာများ ရှင်သန်ထွန်းကားပြန့်ပွားရန်၊ လူငယ်ထု၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားမှုကို တိုးတက်ဖြစ်ထွန်းစေရန်၊ တိုင်းတစ်ပါးယဉ်ကျေးမှုလွှမ်းမိုးခြင်းမှ ကာကွယ်တားဆီးရန်ဟူသည့် ဦးတည်ချက် (၅)ရပ်နှင့် ကျင်းပခြင်းဖြစ်ပါသည်။**

(၁၅)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲကြီးတွင် ဇာတ်သဘင်ပြိုင်ပွဲ၌ ဇာတ်တော်ကြီးဆယ်ဖွဲ့မှ တတိယမြောက်ဖြစ်သော သုဝဏ္ဏသာမ ဇာတ်တော်ကြီးကို တင်ဆက်ယှဉ်ပြိုင်လျက်ရှိပါသည်။

အဆိုပါဇာတ်တော်ကြီးသည် သစ္စာပါရမီဖြည့်သော ဇာတ်ကြီးဖြစ်ပြီး ဇာတ်ကြောင်းကို ညွှန်းဆိုတင်ပြရသော်–

သာဝတ္ထိပြည် ဇေတဝန်ကျောင်းတော်ဝယ် ဂေါတမမြတ်စွာဘုရားသည် တပည့်သံဃာများနှင့် သီတင်းသုံးနေချိန်၌ ရဟန်းတစ်ပါးသည် အလှူခံရသော ဆွမ်းကို ဆင်းရဲနွမ်းပါး အိုမင်းနေသော မိဘနှစ်ပါးအား ကျွေးမွေးနေကြောင်း တွေ့ရသောရဟန်းအချို့က ကဲ့ရဲ့ကာ ဘုရားထံ လျှောက်ထားကြသည်။ စင်စစ်ထိုရဟန်းသည် ကြွယ်ဝချမ်းသာသော မိဘများ၏တစ်ဦးတည်းသောသားဖြစ်ပြီး အရွယ်ရောက်သော် ရဟန်းပြုလိုကြောင်း အကြိမ်ကြိမ်ပန်ကြား၍ ခွင့်ပြုလိုက်ကြသည်။ ဥစ္စာခနေပျက်စီးသွားပြီး အရွယ်အိုမင်းချိန်၌ ကျွေးမွေးပြုစုသူမရှိသော မိဘနှစ်ပါးကို သားရဟန်းက ကျွေးမွေးပြုစုနေခြင်းဖြစ်သည်။ မြတ်စွာဘုရားက ထိုရဟန်းအား ချီးကျူးပြီး "ငါသည်လည်း မိဘ အို၊ ဒုက္ခိတများကို လုပ်ကျွေးခဲ့ဖူးသည်။ ရဟန်းတို့ မကဲ့ရဲ့ကုန်လင့်" ရဟန်းဘဝရောက်နေသော်လည်း အလှူခံရသော ဆွမ်းကို ဒုက္ခိတမိဘများအား ကျွေးမွေးထိုက်ကြောင်း ဆုံးမပြီး ပါဠိဂါထာပေါင်း ၁၂၅ ပိုဒ်ဖြင့် သုဝဏ္ဏသာမ ဇာတ်တော်ကို ဟောကြားတော်မူသည်။

ဗာရာဏသီပြည်အနီးရှိ နေသာဒဂါမရွာတွင် တံငါသည်ကြီးတစ်ဦးနှင့် မြစ်တစ်ဖက်ကမ်းနေ တံငါသည်တစ်ဦးတို့သည် မိတ်ဆွေဖြစ်ကြသဖြင့် တစ်ဦးတွင်သား၊ တစ်ဦးတွင် သမီးမွေးလာခဲ့သော် အချင်းချင်းထိမ်းမြားပေးမည်ဟု ကတိပြုကြသည်။ ဒုကူလသားနှင့် ပါရိကာသမီး မွေးလာ၍ အရွယ်ရောက်လာသောအခါ ကတိအတိုင်း ထိမ်းမြားပေးကြသည်။ ဗြဟ္မပြည်မှလာသော သူတို့နှစ်ဦးသည် အိမ်ထောင်မှုကို မနှစ်သက်သောကြောင့် တောရပ်မှီကြသည်။ ဟိမဝန္တာတော၊ မိဂသမ္မတာမြစ်ကို ဆန်တက်လာရာ သိကြားဖန်ဆင်းထားသော ကျောင်းသင်္ခမ်းကိုတွေ့၍ ထိုကျောင်းတွင်နေကာ သီတင်းသီလ ဆောက်တည်နေကြသည်။

အသက်အရွယ်ကြီးလာ၍ တောတွင်း၌ အထီးကျန်ဖြစ်လာလျှင် ပြုစု စောင့်ရှောက်မည့်သားသမီးရရှိစေရန် သိကြားမင်းက အိမ်ထောင်မှုပြုရန် အကြံပေးသော်လည်း ဗြဟ္မစရိယကျင့်သူများဖြစ်၍ ငြင်းဆန်ကြသည်။ ဤတွင် သိကြားမင်းက ဒုကူလအားပါရိကာ၏ ချက်မကို လက်ဖြင့် သုံးသပ်စေခြင်းဖြင့် သုဝဏ္ဏသာမအမည်ရှိ သားကိုဖွားလာစေသည်။ ရွှေအဆင်းရှိသော သားကလေးသည် မိဘများအား ကူညီပြုစု နေသည်။

သစ်သီးဝလံရှာရန် ထွက်လာသော ဒုကူလနှင့် ပါရိကာတို့သည် မိုးခိုရန် သစ်ပင်ကြီးအောက်ဝင်လာစဉ် အနီးရှိ တောင်ပို့ကြီးအတွင်းရှိသော အဆိပ်ပြင်းသောမြွေကြီးက လူနံ့ရ၍ အဆိပ်ခိုးမှုတ်ထုတ်လိုက်ရာ သူတို့နှစ်ဦး၏ မျက်လုံးများအတွင်းဝင်သွားပြီး နှစ်ဦးစလုံး မျက်စိကွယ်ကြသည်၊ မိဘနှစ်ပါး ပြန်ရောက်မလာ၍ သုဝဏ္ဏသာမက တောတွင်းထွက်ရှာရာ သားခြေသံကြားသော မျက်မမြင်မိဘများက မြွေဆိုးအနီးအနားမှာ ရှိ၍ မလာရန်သတိပေးကြသည်။ အဝေးမှတောင်ဝှေးရှည်ဖြင့် ချူခေါ်လာပြီး သုံးဦးသား ပူဆွေးကြသည်။ သုဝဏ္ဏသာမက လူလားမြောက်လာပြီဖြစ်၍ အသက်ထက်ဆုံး ကျွေးမွေးပြုစုစောင့်ရှောက်ပါမည်ဟု သစ္စာပြုသည်။ နေ့စဉ်တောတွင်း သစ်သီးရှာခြင်းနှင့် မြစ်မှ သောက်သုံးရေခပ်သယ်ခြင်းကို ယဉ်ပါးနေသောသမင်များနှင့် ပျော်ရွှင်စွာဆောင်ရွက်နေသည်။

ဗာရာဏသီပြည့်ရှင် ပီဠိယက္ခမင်းကြီးသည် သမင်သားစားကြူးလှ၍ မယ်တော်အား ထီးနန်းလွှဲထားခဲ့ပြီး တောတွင်း၌ သမင်လိုက်၊သမင်သားစား ပြုလုပ်နေသည်။ တစ်နေ့၌ သမင်များခြံရံလျက် ရေခပ်ဆင်းလာသော သုဝဏ္ဏသာမကို မြင်တွေ့သောအခါ သမင်များအကြားက ယင်းပုဂ္ဂိုလ်သည် လူလော၊နတ်လော၊နဂါးလော သိလိုလှသဖြင့် လေးမြားဖြင့် ပစ်လိုက်သည်။ လဲကျသွားသော သုဝဏ္ဏသာမအနီးသို့ ရောက်လာသောအခါ သူ့အား အဘယ်သူသည် အဘယ်ကြောင့်မြားဖြင့် ပစ်ပါသနည်းဟု သုဝဏ္ဏသာမက ချိုသာစွာမေးသည်။ မင်းကြီးက အကြောင်းစုံပြောပြပြီး သုဝဏ္ဏသာမက မိမိနှင့် မျက်မမြင်မိဘနှစ်ပါးအကြောင်း ပြောပြသောအခါ မင်းကြီးသည် ကြေကွဲဝမ်းနည်း နောင်တရကာ သူ့မိဘများကို အသက်ထက်ဆုံးပြုစု စောင့်ရှောက်ပါမည်ဟု ကတိပြုသည်။

မြားဆိပ်ကြောင့် မေ့မြောသွားသော သုဝဏ္ဏသာမကို သေဆုံးပြီထင်သောကြောင့် မင်းကြီးသည် ကျောင်းသင်္ခမ်းသို့ အရောက်လာခဲ့သည်။ သား၏ခြေသံမဟုတ်ကြောင်း သိကြသော မျက်မမြင်ရသေ့နှစ်ပါးက မည်သူနည်းဟုမေးသောအခါ ဖြစ်သမျှအကြောင်းကို ရှင်းပြပြီး သုဝဏ္ဏသာမကိုယ်စား အသက်ထက်ဆုံး ပြုစုစောင့်ရှောက်ပါမည်ဟု ကတိသစ္စာပြုသည်။ သို့သော် သားထံသို့သာ ပို့ဆောင်ပေးရန် တောင်းပန်၍ ခေါ်ဆောင်သွားသည်။

မျက်မမြင် မိဘနှစ်ပါးသည် သားခန္ဓာကိုယ်ကို ထိစမ်းကြည့်ရာ မသေဆုံးသေးဘဲ အဆိပ်ကြောင့် မေ့မြောနေခြင်းကိုသိကြ၍ ဖခင်က ဦးခေါင်းထိပ်နှင့် မိခင်က ခြေရင်းပိုင်းတွင် ထိုင်ကြကာ သစ္စာဆိုကြပါသည်၊ သုဝဏ္ဏသာမသည် **စာမျက်နှာ ၇ ကော်လံ ၁ သို့** ☆

မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲကြီး၏ အနှစ်သာရမှာ သမိုင်းအစဉ်အလာကြီးမားသည့် မြန်မာတို့၏ ယဉ်ကျေးမှုနှင့် အမျိုးသားရေး စရိုက်လက္ခဏာများကို အစဉ်ထာဝရ ရှင်သန်တည်တံ့ အဓွန့်ရှည် ခိုင်မြဲစေရအောင် ထိန်းသိမ်းမြှင့်တင်ပေးရေးပင်ဖြစ်သည်။ ဤအနှစ်သာရဖြင့် နှစ်စဉ်ကျင်းပလာခဲ့သည့် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲကြီးများသည် မြန်မာတို့၏ ရိုးရာအမွေအနှစ်များကို စောင့်ရှောက်သည့်၊ မြန်မာ့ရိုးရာယဉ်ကျေးမှုဓလေ့နှင့် ယဉ်ကျေးမှုစံနှုန်းများကို မျိုးဆက်သစ်များအား လက်ဆင့်ကမ်းပေးသည့်၊ မြန်မာ့ရိုးရာ အမျိုးသားရေးစရိုက်လက္ခဏာများကို ထိန်းသိမ်းသည့်ပွဲများပင် ဖြစ်ပေသည်။

မြန်မာနိုင်ငံပြန်တမ်း

နေပြည်တော်   အောက်တိုဘာ   ၁၈

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီသည် စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ မြန်မာ့လယ်ယာထွက်ကုန်ပစ္စည်းရောင်းဝယ်ရေး ဦးဆောင်ညွှန်ကြားရေးမှူး ဦးကျော်ထူးအား အစမ်းခန့်ကာလ (၁)နှစ်ပြည့်မြောက်သည့်နေ့မှစ၍ အတည်ပြုခန့်ထားလိုက်သည်။

(သတင်းစဉ်)

ညောင်ကန်အေး သာသနာ့ရိပ်သာ ဘုံကထိန်သင်္ကန်း ဆက်ကပ်လှူဒါန်းမည်

ရန်ကုန်   အောက်တိုဘာ   ၁၈

မဟာစည်သြဝါဒခံ ညောင်ကန်အေးသာသနာ့ရိပ်သာ၌ ဝါဆိုဝါကပ်တော်မူကြသည့် မဟာဓမ္မကထိက ဗဟုဇနဟိတဓရ အဂ္ဂမဟာကမ္မဋ္ဌာနာစရိယ ညောင်ကန်အေး ဆရာတော် အမှူးပြုသော သံဃာတော်အရှင်မြတ် အပါး ၇၀ တို့အား (၂၇)ကြိမ်မြောက် စုပေါင်း မဟာဘုံကထိန်သင်္ကန်း ဆက်ကပ်လှူဒါန်းပွဲကို ၁၃၆၉ ခုနှစ် သီတင်းကျွတ်လပြည့်ကျော် ၉ ရက် နိုဝင်ဘာ ၄ ရက်(တနင်္ဂနွေနေ့) နံနက် ၈ နာရီ၌ ညောင်ကန်အေး သာသနာ့ရိပ်သာ၊ အင်းစိန်တွင် ကျင်းပမည်ဖြစ်သည်။ အလှူရှင်များကိုယ်တိုင် ပါဝင်လှူဒါန်းနိုင်ကြောင်းနှင့် ဖုန်း– ၆၄၂၂၁၉ သို့ ဆက်သွယ်နိုင်ကြောင်း သိရသည်။

(ကြေးမုံ)

☆ စာမျက်နှာ ၆ ဆောင်းပါးမှအဆက်

ရှေးအတိတ်က ကုသိုလ်ကိုသာပြုခဲ့ပါသည်၊ ကောင်းသော အကျင့်ကိုသာ ကျင့်ခဲ့ပါသည်၊ မှန်သောစကားကိုသာ ပြောခဲ့ပါသည်၊ မိဘများကို ရိုသေပြီး လုပ်ကျွေးပြုစုခဲ့ပါသည်။ သူတို့သည် သားကို အသက်ထက်ပို၍ ချစ်မြတ်နိုးပါသည်။ သူတို့သည်လည်းကောင်းမှု ကုသိုလ်သာ လုပ်ခဲ့ပါသည်။ ဤမှန်သောသစ္စာစကားများကြောင့် သူတို့သား မြားဆိပ်ပျောက်ပါစေဟုဆုတောင်းကြသည်။ သည့်နောက် ထိုတောကြီးကို စောင့်နေသော ဗဟုသုန္ဒရီနတ်သမီးပေါ်လာ၍ ယခင်ဘဝက သားတော်ခဲ့ဖူးသော သုဝဏ္ဏသာမ အဆိပ်ပြေစေရန် သစ္စာပြုပြန်သည်။ "မိမိသည် ယခင်ဘဝက သားတော်ခဲ့ဖူးသော သုဝဏ္ဏသာမအား ချစ်မြတ်နိုးဆဲဖြစ်ကြောင်း၊ သူစောင့်နေသောတောကြီးတွင် စန္ဒကူးနံ့သာပင်များသာ ပေါက်နေကြောင်း၊ ယင်းမှန်သောသစ္စာကြောင့် မြားဆိပ်ကျစေသား" ဟု ဆုတောင်းရာ သုဝဏ္ဏသာမသည် ဘယ်ညာပြောင်းလှည့်ပြီး မြားဆိပ်ပြေကာ ထလာရာ မိဘများလည်း မျက်စိပြန်မြင်လာကြသည်။ သုဝဏ္ဏသာမထံမှတရားကို နာရသော ပီဠိယက္ခမင်းသည်လည်း သမင်လိုက်ခြင်း၊ သမင်သားစားခြင်း စွန့်ပယ်လိုက်ပြီး နန်းတော်ပြန်ကာ အသက်ထက်ဆုံး မင်းကျင့်တရားနှင့်အညီ အုပ်ချုပ်လေသည်။

ဇာတ်ပေါင်းရာတွင် သုဝဏ္ဏသာမသည် ဂေါတမမြတ်စွာဘုရားဖြစ်လာသည်။ ပီဠိယက္ခမင်းကြီးသည် ညီတော်အာနန္ဒာမထေရ်။ ဗဟုသုန္ဒရီသည် ဥပ္ပလဝဏ်ထေရီ။ သိကြားမင်းသည် အနုရုဒ္ဓါထေရ်၊ ဒုကူလသည် တတိယမဟာသာဝက မဟာကဿပထေရ်၊ ပါရိကာသည် ဘဒ္ဒကပိလာနီထေရီဖြစ်လာကြောင်း မြတ်စွာဘုရားက ဟောကြားတော်မူသည်။

မြန်မာ့ရိုးရာ စကားကြီးဆယ်မျိုးစာရင်းဝင် "အိုးတန်ဆန်ခပ်" စကားကြီးပြောနည်းတွင် သုဝဏ္ဏသာမဇာတ်သိမ်းခန်းကို ဖော်ပြကာ ဥပမာပေးထားပါသည်။

မိဘနှစ်ပါးနှင့် ဗဟုသုန္ဒရီတို့ သစ္စာပြုပြီးနောက် သိကြားမင်းဆင်းလာကာ မျက်မမြင် မိဘနှစ်ပါးအား သူမေးသောမေးခွန်းသုံးပုဒ်ကို အဖြေတစ်ခုသာဖြေရန် သိကြားမင်းက တောင်းဆိုလာသည်။

(၁) သုဝဏ္ဏသာမ အသက်ပြန်ရှင်လိုပါသလော၊

(၂) မျက်စိနှစ်ကွင်း အလင်းပြန်ရလိုပါသလော

(၃) ရွှေအိုးကြီးတစ်လုံးကို ရလိုပါသလော

ဒုကူလနှင့် ပါရိကာတို့က–

"သား သုဝဏ္ဏသာမ ရွှေအိုးထမ်းလာသည်ကို မြင်တွေ့လိုပါသည်" ဟူ၍ အဖြေတစ်ခုသာပေးကြ၍ သားလည်း အသက်ရှင်၊ မျက်စိများလည်း ပြန်မြင်ပြီး ရွှေအိုးတစ်လုံးလည်းရသည်။

ယင်းအဖြေသည် အိုးတန်ဆန်ခပ် စကားပြောနည်းဖြစ်သည်ဟု ပြဆိုထားပါသည်။ သုဝဏ္ဏသာမဇာတ်တော်သည် သစ္စာတရားကို ဖော်ညွှန်းသည့် ပြဇာတ်တော်ကြီးဖြစ်ပေသည်။

သို့ဖြစ်ရာ အမျိုးသားယဉ်ကျေးမှု အနုပညာမှတ်တိုင်များကို တစ်နှစ်ထက်တစ်နှစ် ပိုမိုခိုင်မာစွာ ထူထောင်နိုင်ရေးအတွက် မွန်မြတ်သော ဦးတည်ချက်များဖြင့် နှစ်စဉ် ကျင်းပမြဲဖြစ်သည့်အတိုင်း ယခုနှစ် နေပြည်တော်၌ ကျင်းပလျက်ရှိသည့် (၁၅)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲကြီး၌ ပါဝင်သည့် သုဝဏ္ဏသာမဇာတ်တော်ကြီးကို တင်ပြရင်း မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲကြီးကို အလေးအနက် ဂုဏ်ပြုရေးသားတင်ပြလိုက်ရပါသည်။ ။

ခေတ်ဟောင်း၊ ကာလပေါ် အခြေခံပညာအဆင့် အသက် (၁၅–၂၀)နှစ် အမျိုးသမီး အဆိုပြိုင်ပွဲတွင် ရခိုင်ပြည်နယ်မှ ပြိုင်ပွဲဝင်တစ်ဦး ယှဉ်ပြိုင်စဉ်။ (သတင်းစဉ်)

✢ စာမျက်နှာ ၆ မှ

ခေါင်းစဉ်ဖြင့် ကချင်ပြည်နယ်မှ မောင်မြတ်မိုးပိုင်(ခ) ပိုင်ပိုင်၊ ကယားပြည်နယ်မှ မနန်းမိုမိုအောင်၊ ကရင်ပြည်နယ်မှ ဦးညီညီဟိန်း၊ မွန်ပြည်နယ်မှ မောင်ပြည့်ဖြိုးမောင်၊ ရှမ်းပြည်နယ်မှ မဝါဝါဝင်းလှိုင်၊ စစ်ကိုင်းတိုင်းမှ မပန်းအိကျော်၊ မန္တလေးတိုင်းမှ မောင်လှသူနှင့် မောင်လင်းဟိန်း၊ ရန်ကုန်တိုင်းမှ မောင်ရဲမင်းဟန်နှင့် ဧရာဝတီတိုင်းမှ မောင်ကျော်စွာဝင်းတို့ ပါဝင်ယှဉ်ပြိုင်ကြသည်။

(၁၅)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ၏ ဝါသနာရှင်အဆင့် (ဒုတိယတန်း) အမျိုးသားဆိုင်း (တစ်ဦးချင်း) အတီးပြိုင်ပွဲကို နံနက် ၉နာရီတွင် နေပြည်တော် ရေဆင်းရှိ စိုက်ပျိုးရေးတက္ကသိုလ် ဘွဲ့နှင်းသဘင်ခန်းမ၌ကျင်းပရာ အကဲဖြတ်အဖွဲ့ခေါင်းဆောင် ဦးစိန်စတင်း ဦးဆောင်သော ပြည်နယ်နှင့်တိုင်းများမှ အကဲဖြတ်အမှတ်ပေးအဖွဲ့ဝင်များက ကြီးကြပ်ဆောင်ရွက်ကြပြီး ဂန္ဓမာရိပ်သာ (ပတ်ပျိုး) သီချင်းဖြင့် မန္တလေးတိုင်းမှ ဦးကျော်မိုးနိုင်နှင့် ဦးရှိုင်းအောင်၊ ပဲခူးတိုင်းမှ ဦးကျော်ဇင်လတ်၊ ရန်ကုန်တိုင်းမှ ဦးအောင်ဗိုလ်မင်း၊ ရှမ်းပြည်နယ်မှ ဦးကျော်ဝင်း၊ စစ်ကိုင်းတိုင်းမှ စတား(ခ) အောင်မျိုး၊ ဧရာဝတီတိုင်းမှ ဦးကိုကိုဇော်၊ ရခိုင်ပြည်နယ်မှ ဦးမောင်စိုးသိန်း၊ မွန်ပြည်နယ်မှ မြန်မာပြည် မိုးလျှံ၊ တနင်္သာရီတိုင်းမှ မောင်မြတ်စိုး၊ မကွေးတိုင်းမှ ဦးအောင်ဆန်းနိုင်နှင့် ရန်ကုန်တိုင်းမှ ဦးအောင်သူဟိန်းတို့ ပါဝင်ယှဉ်ပြိုင်ကြပြီး ပြိုင်ပွဲကို ခေတ္တရပ်နားသည်။

ယင်းနောက် မွန်းလွဲပိုင်းတွင် အဆင့်မြင့်ပညာအဆင့် အမျိုးသား (တစ်ဦးချင်း) ဆိုင်းအတီးပြိုင်ပွဲကို ဆက်လက်ကျင်းပရာ ရွှေနန်းအောင်ချာ (ကြိုး) သီချင်းဖြင့် ဧရာဝတီတိုင်းမှ မောင်မျိုးသန့်၊ ရန်ကုန်တိုင်းမှ မောင်ညီရဲသီဟ (ခ)သိန်းသန်းစိုးနှင့် မောင်မျိုးဇော်ဟိန်း (ခ) မျိုးဇော်အောင်၊ စစ်ကိုင်းတိုင်းမှ မောင်ညီညီလွင်နှင့် မန္တလေးတိုင်းမှ မောင်အောင်ဗိုလ်မင်းတို့ ပါဝင်ယှဉ်ပြိုင်ကြသည်။

ထို့အတူ ဝါသနာရှင်အဆင့် (ပထမတန်း) အိုးစည်အတီးပြိုင်ပွဲကို နံနက် ၉နာရီတွင် ရေဆင်းရှိ စိုက်ပျိုးရေးသုတေသနဦးစီးဌာန စုဝေးခန်းမ၌ ကျင်းပရာ အိုးစည်နှင့် ဒိုးပတ် အတီးအကဲဖြတ်အဖွဲ့ ခေါင်းဆောင် ဦးစိန်ဘမော် ဦးဆောင်သည့် ပြည်နယ်နှင့် တိုင်းများမှ အကဲဖြတ်အဖွဲ့ဝင်များက ကြီးကြပ်ဆောင်ရွက်ကြပြီး ရန်ကုန်တိုင်းမှ ဦးအောင်သူဟိန်းနှင့် အဖွဲ့၊ စစ်ကိုင်းတိုင်းမှ ချင်းတွင်းစနေနှင့်အဖွဲ့၊ မန္တလေးတိုင်းမှ ဦးစိန်ကုလားနှင့်အဖွဲ့၊ ရန်ကုန်တိုင်းမှ ဦးကျော်ကျော်ဟန်နှင့်အဖွဲ့၊ ပဲခူးတိုင်းမှ ပတ္တမြားကုလား (ခ)ကျော်ကျော်လင်းနှင့်အဖွဲ့၊ မန္တလေးတိုင်းမှ ဦးကျော်မိုးနှင့်အဖွဲ့၊ ဧရာဝတီတိုင်းမှ ဦးကျော်ကျော်နှင့် အဖွဲ့တို့ ဝင်ရောက်ယှဉ်ပြိုင်ကြပြီး ပြိုင်ပွဲကို ခေတ္တရပ်နားသည်။

ထို့နောက် မွန်းလွဲပိုင်းတွင် အဆင့်မြင့်ပညာအဆင့် အိုးစည်အတီးပြိုင်ပွဲကို ဆက်လက်ကျင်းပရာ ရန်ကုန်တိုင်းမှ မောင်ရဲသီဟ(ခ) သိန်းသန်းစိုးနှင့်အဖွဲ့၊ ဧရာဝတီတိုင်း မှ မောင်ညွန့်အောင်နှင့်အဖွဲ့၊ မန္တလေးတိုင်းမှ မောင်ဖြိုးကိုကိုနှင့်အဖွဲ့၊ မွန်ပြည်နယ်မှ မောင်လင်းထက်အောင်နှင့်အဖွဲ့နှင့် မန္တလေးတိုင်းမှ မောင်ကောင်းမြတ်ကျော်နှင့် အဖွဲ့တို့ ပါဝင်ယှဉ်ပြိုင်ကြသည်။

အခြေခံပညာအဆင့် (၅–၁၀)နှစ် (အမျိုးသား) ပတ္တလားအတီးပြိုင်ပွဲကို နံနက် ၉နာရီတွင် နေပြည်တော် ရေဆင်းရှိ စိုက်ပျိုးရေးတက္ကသိုလ် စာသင်ခန်းမ၌ ကျင်းပရာ ပတ္တလားအတီးအကဲဖြတ်အဖွဲ့ ခေါင်းဆောင် ဦးခင်လှနှင့် အဖွဲ့ဝင်များက အကဲဖြတ်အမှတ်ပေးကြသည်။

အခြေခံပညာအဆင့်(၅–၁၀)နှစ် (အမျိုးသား) ပတ္တလားအတီးပြိုင်ပွဲတွင် "ဝေဘာ ဂီရိ" (ကြိုး)ဖြင့် မကွေးတိုင်းမှ မောင်လှမင်း၊ ကချင်ပြည်နယ်မှ မောင်အောင်မျိုးထွေး၊ မန္တလေးတိုင်းမှ မောင်ရဲသူရအောင်၊ မွန်ပြည်နယ်မှ မောင်ထင်လင်းထွေး၊ ဧရာဝတီတိုင်းမှ မောင်မင်းမင်းဇော်၊ ရန်ကုန်တိုင်းမှ မောင်ဖြိုးဝေသူ၊ စစ်ကိုင်းတိုင်းမှ မောင်မျိုးဇော်ဇော်၊ ပဲခူးတိုင်းမှ မောင်လှမျိုးကိုနှင့် ရန်ကုန်တိုင်းမှ မောင်စောပိုင်တို့က ပြိုင်ပွဲဝင်ကြသည်။

ဆက်လက်၍ အခြေခံပညာအဆင့် (၁၀–၁၅)နှစ် (အမျိုးသမီး) ပတ္တလားအတီးပြိုင်ပွဲတွင် "သည်ဆောင်းဟောမာန်" (ဘွဲ့)ဖြင့် ဧရာဝတီတိုင်းမှ မဒေလီချစ်စုထွန်း၊ ပဲခူးတိုင်းမှ မရတနာဆုရှင်၊ စစ်ကိုင်းတိုင်းမှ မအေးချမ်းမိုး၊ မန္တလေးတိုင်းမှ မခိုင်ဆုဝေ၊ ရန်ကုန်တိုင်းမှ မမေသူဝင်း၊ ကချင်ပြည်နယ်မှ မစွဲ့နွယ်နွယ်ဝင်း၊ ရန်ကုန်တိုင်းမှ မဇာနည်နန်းလွင်၊ ရခိုင်ပြည်နယ်မှ မထက်ထက်ထွန်းနှင့် မန္တလေးတိုင်းမှ မအိန္ဒြာထွန်းတို့ ပါဝင်ယှဉ်ပြိုင်ကြသည်။

ဝါသနာရှင်အဆင့် (ဒုတိယတန်း) အမျိုးသမီး စန္ဒရားအတီးပြိုင်ပွဲကို နံနက် ၁၀ နာရီတွင် သစ်တောသုတေသနဌာန စုဝေးခန်းမ၌ကျင်းပရာ စန္ဒရားအတီး အကဲဖြတ်လုပ်ငန်း အဖွဲ့ခေါင်းဆောင် စန္ဒရားဦးနီနီနှင့် အကဲဖြတ်လုပ်ငန်းအဖွဲ့ဝင်များက ကြီးကြပ်၍ အကဲဖြတ်အမှတ်ပေးကြသည်။

ဝါသနာရှင်အဆင့် (ဒုတိယတန်း) အမျိုးသမီး စန္ဒရားအတီးပြိုင်ပွဲတွင် "နံ့သာနီတောင်" (ပတ်ပျိုး) သီချင်းဖြင့် ရန်ကုန်တိုင်းမှ ဒေါ်ခင်စန်းလှိုင်၊ ဒေါ်အေးသီတာလှိုင်နှင့် ဧရာဝတီတိုင်းမှ ဒေါ်နှင်းအိဖြူတို့က ပြိုင်ပွဲဝင်ကြသည်။

အလားတူ အခြေခံပညာအဆင့် အသက်(၅–၁၀)နှစ် (အမျိုးသား) စန္ဒရားအတီးပြိုင်ပွဲကို မွန်းလွဲ ၁ နာရီတွင် ဆက်လက်ကျင်းပရာ "ထွေတလာ" (ကြိုး)သီချင်းဖြင့် ရန်ကုန်တိုင်းမှ မောင်ကိုကိုအောင်၊ ရှမ်းပြည်နယ်မှ မောင်စိုင်းခေးလျှန်း၊ ပဲခူးတိုင်းမှ မောင်မျိုးထက်ပိုင်၊ ကချင်ပြည်နယ်မှ မောင်သန့်စင်၊ မန္တလေးတိုင်းမှ မောင်သူရမြတ်မင်းစံ၊ စစ်ကိုင်းတိုင်းမှ မောင်အောင်ကျော်ဇော၊ မန္တလေးတိုင်းမှ မောင်စွမ်းထက် နှင့် ရန်ကုန်တိုင်းမှ မောင်ဝိုင်းလမင်းအောင်တို့က ပြိုင်ပွဲဝင်ကြသည်။

(သတင်းစဉ်)

ဝါသနာရှင်အဆင့် (ဒုတိယတန်း) အမျိုးသားဆိုင်း(တစ်ဦးချင်း) အတီးပြိုင်ပွဲတွင် ရှမ်းပြည်နယ်မှ ပြိုင်ပွဲဝင်တစ်ဦး ယှဉ်ပြိုင်စဉ်။ (သတင်းစဉ်)



ဦးတည်ချက်မှန်–ရိုးရာဟန်

☆ မြန်မာ့ဂီတနဲ့ မြန်မာ့အကဟာ
မြန်မာ့ရိုးရာအနုပညာ၊
ပြည်ထောင်စုစိတ်ဓာတ်ရင်မှာမွေး
မျိုးချစ်စိတ်နှင့်ဇာတိသွေး
ထက်မြက်မြင့်မားရှင်သန်ရေး။

☆ အမျိုးဂုဏ်နှင့် ဇာတိဂုဏ်
ယဉ်ကျေးမှုအမွေအနှစ်အဖုံဖုံ၊
အစုံအလင်ရှုမြင်ရ
ကကြ ဆိုကြ တီးမှုတ်ကြ
ရေးကြ သီကြသုခုမ။

☆ ဒို့နိုင်ငံနဲ့ ဒို့ဘာသာ
ဒို့အမျိုးနဲ့ ဒို့သာသနာ၊
ရိုးရာယဉ်ကျေးမှုထွန်းကားရေး
လူငယ်ထုစိတ်ဓာတ်မြင့်မားရေး
တိုင်းတစ်ပါးယဉ်ကျေးမှုတားဆီးပေး။ ။

ဖိုးရန်နိုင်(ကျောက်ကြီး)

မဉ္ဈိမဒေသ ကထိန်သင်္ကန်းလှူဒါန်းနိုင်

ရန်ကုန်   အောက်တိုဘာ   ၁၈

အိန္ဒိယနိုင်ငံ ပရဒေသီသံဃနာယကအဖွဲ့၏ နှစ်စဉ်ကျင်းပမြဲဖြစ်သော မြန်မာဘုန်းတော်ကြီးကျောင်း ၁၁ ကျောင်းနှင့် တက္ကသိုလ်ရှစ်ခုတို့တွင် ဝါဆိုတော်မူကြသော မြန်မာရဟန်းတော် ၂၄၈ပါးနှင့် ဝေးလံခေါင်းပါးသော အာသံ–တြိပူရ–မဏိပူရဒေသများရှိ မြန်မာဘုန်းတော်ကြီးကျောင်းများ၌ သီတင်းသုံးတော်မူကြသော သံဃာတော် အပါး ၄၀၀တို့အတွက် မဉ္ဈိမဒေသ အကြိမ်(၃၀)မြောက် ကထိန်သင်္ကန်းများကို ဖုန်း–၀၁–၅၄၅၂၁၅၊ ၀၁–၅၄၅၂၁၆၊ ၀၁–၅၅၅၁၇၃၊ ၀၁–၇၂၇၇၄၆၊ ၀၁–၅၃၆၃၄၈နှင့်၀၁–၅၄၂၂၃၆ တို့သို့ ၂၀၀၇ ခုနှစ် နိုဝင်ဘာ ၁၀ရက် နောက်ဆုံးထား ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရှိရသည်။

(သတင်းစဉ်)

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ၊ ဒုတိယ တပ်မတော်ကာကွယ်ရေး ဦးစီးချုပ်၊ ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေး အင်းလေးဖောင်တော်ဦးဘုရား ရုပ်ပွားတော်များအား မျက်ပါးရွှေသင်္ကန်းများကို ဆက်ကပ်လှူဒါန်းစဉ်။ (သတင်းစဉ်)

☆ ရှေ့ဖုံးမှ

ဒုတိယဗိုလ်ချုပ်ကြီး အောင်ထွေး၊ ကာကွယ်ရေးဦးစီးချုပ်(ရေ) ဒုတိယဗိုလ်ချုပ်ကြီးစိုးသိန်း၊ ကာကွယ်ရေးဦးစီးချုပ်(လေ) ဒုတိယဗိုလ်ချုပ်ကြီး မြတ်ဟိန်း၊ ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမြင့်လှိုင်၊ တပ်မတော် စစ်ဘက်ရေးရာလုံခြုံရေးအရာရှိချုပ် ဒုတိယဗိုလ်ချုပ်ကြီး ရဲမြင့်နှင့် ၎င်းတို့၏ ဇနီးများ၊ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ် တင်နိုင်သိန်း၊ အမှတ်(၁) လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးကြီး ဇော်မင်း၊ အမှတ်(၂) လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်ခင်မောင်မြင့်၊ သာသနာရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သူရမြင့်မောင်၊ တပ်မတော်အရာရှိကြီးများ၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံးမှ တာဝန်ရှိပုဂ္ဂိုလ်များ လိုက်ပါလျက် ယနေ့ နံနက်ပိုင်းတွင် နေပြည်တော်မှ ရဟတ်ယာဉ်များဖြင့် ထွက်ခွာကြရာ နံနက် ၈ နာရီတွင် ရှမ်းပြည်နယ် ညောင်ရွှေမြို့သို့ ရောက်ရှိကြသည်။

ကြိုဆို

ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေး၊ ဇနီး ဒေါ်မြမြစန်းနှင့် အဖွဲ့ဝင်များအား ရှမ်းပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ၊ အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ် သောင်းအေး၊ ကလောတပ်နယ်မှ ဗိုလ်မှူးချုပ်ကျော်ဖြိုး၊ အောင်ပန်းတပ်နယ်မှ ဗိုလ်မှူးချုပ်သက်နိုင်နှင့် ပြည်နယ်အဆင့် ဌာနဆိုင်ရာ တာဝန်ရှိပုဂ္ဂိုလ်များက ညောင်ရွှေမြို့မှ ကြိုဆိုကြသည်။

တက်ရောက်

ထို့နောက် ဒုတိယဗိုလ်ချုပ်မှူးကြီး မောင်အေးနှင့် အဖွဲ့ဝင်များသည် ညောင်ရွှေမြို့နယ် နမ့်ကပ်ချောင်း ဖောင်တော်ပြန်ဆိပ်၌ ကျင်းပသော အင်းလေးဖောင်တော်ဦးဘုရား ရုပ်ပွားတော်များ ကြိုဆိုပူဇော်ပွဲ အခမ်းအနားသို့ တက်ရောက်ကြသည်။

အဆိုပါ အခမ်းအနားသို့ ဆရာတော် သံဃာတော်များ ကြွရောက်ကြည်ညိုကြသည့်အပြင် ပြည်နယ်၊ ခရိုင်၊ မြို့နယ်ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ ဒေသခံတိုင်းရင်းသားပြည်သူများ၊ အနယ်နယ် အရပ်ရပ်မှ ဘုရားဖူးလာ ရဟန်းရှင်လူ ပြည်သူများ စည်ကားစွာ ဖူးမြော်ကြည်ညိုကြပြီး ကမ္ဘာလှည့်ခရီးသည်များက စိတ်ဝင်စားစွာ ကြည့်ရှုလေ့လာကြသည်။

အင်းလေး ဖောင်တော်ဦးဘုရား ရုပ်ပွားတော်များ ညောင်ရွှေမြို့နယ် နမ့်ကပ်ချောင်းဖောင်တော်ဦး ဘုရားမြို့ ဖောင်တော်ဆိုက် ပြာသာဒ်ဆောင်သို့ မကြွချီတော်မူမီ ဒုတိယဗိုလ်ချုပ်မှူးကြီး မောင်အေးနှင့် အဖွဲ့ဝင်များနှင့် ပရိသတ်တို့အား ညောင်ရွှေယဉ်ကျေးမှုအဖွဲ့နှင့် ပြည်နယ်ယဉ်ကျေးမှုအဖွဲ့တို့က ဒေသရိုးရာယဉ်ကျေးမှု အကပဒေသာများဖြင့် ဖျော်ဖြေကြသည်။

ယင်းနောက် ဒုတိယဗိုလ်ချုပ်မှူးကြီး မောင်အေးနှင့် အဖွဲ့ဝင်များသည် အင်းလေးဒေသမှ ကြွချီတော်မူလာသည့် ဖောင်တော်ဦးဘုရား ရုပ်ပွားတော်များ ဆိုက်ရောက်လာမည့် ဖောင်တော်ဆိုက်ဆိပ် ပြာသာဒ်ဆောင်သို့ ရေယာဉ်များဖြင့် သွားရောက်ကြပြီး မဟာဥသျှောင် ကရဝိက်ဖောင်တော်ဖြင့် ညောင်ရွှေမြို့သို့ ကြွချီတော်မူလာသော အင်းလေးဒေသမှ ဖောင်တော်ဦးဘုရား ရုပ်ပွားတော်များအား ကြိုဆိုဖူးမြော်ကြည်ညိုကြသည်။

ပင့်ဆောင်

ထို့နောက် ဒုတိယဗိုလ်ချုပ်မှူးကြီး မောင်အေးသည် ညောင်ရွှေမြို့နယ် သံဃနာယကအဖွဲ့ဥက္ကဋ္ဌ လှိုင်ကြူ ပရိယတ္တိစာသင်တိုက် ပဓာနနာယက ဆရာတော် အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တ မဟိန္ဒ အမှူးပြုသောဆရာတော်များ၊ ပင့်ဆောင်ရေးအဖွဲ့များက ဦးဆောင်ပင့်ဆောင်လာသော ဖောင်တော်ဦး ဘုရားရုပ်ပွားတော်များအား ကရဝိက်ဖောင်တော်မှ ပင့်ဆောင်ရေး ဘော်ယာဉ်ပေါ်သို့ ပင့်ဆောင်ကြသည်။

ရှေးဦးစွာ ဒုတိယဗိုလ်ချုပ်မှူးကြီး မောင်အေးသည် နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်၊ တပ်မတော်လေ့ကျင့်ရေးအရာရှိချုပ် ဒုတိယဗိုလ်ချုပ်ကြီး အောင်ထွေး၊ ကာကွယ်ရေးဦးစီးချုပ်(ရေ) ဒုတိယဗိုလ်ချုပ်ကြီးစိုးသိန်း၊ ကာကွယ်ရေးဦးစီးချုပ်(လေ) ဒုတိယဗိုလ်ချုပ်ကြီး မြတ်ဟိန်းနှင့် ရှမ်းပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ၊ အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်သောင်းအေးတို့နှင့်အတူ ဘုရားရုပ်ပွားတော်တစ်ဆူကို ပင့်ဆောင်သည်။

ဆက်လက်၍ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ဒုတိယဗိုလ်ချုပ်ကြီး ကျော်ဝင်းသည် ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမြင့်လှိုင်၊ တပ်မတော် စစ်ဘက်ရေးရာ လုံခြုံရေးအရာရှိချုပ် ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်၊ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်တင်နိုင်သိန်းနှင့် အမှတ်(၁) လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးကြီး ဇော်မင်းတို့နှင့်အတူ ဘုရားရုပ်ပွားတော်တစ်ဆူကို ပင့်ဆောင်သည်။

ယင်းနောက် နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ဒုတိယဗိုလ်ချုပ်ကြီး မောင်ဘိုသည် အမှတ်(၂) လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်ခင်မောင်မြင့်၊ သာသနာရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သူရမြင့်မောင်၊ ကလောတပ်နယ်မှ ဗိုလ်မှူးချုပ်ကျော်ဖြိုးနှင့် နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးဇော်မြင့်ဖေတို့နှင့်အတူ ဘုရားရုပ်ပွားတော်တစ်ဆူကို ပင့်ဆောင်သည်။

ဆက်လက်၍ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် စစ်ထောက်ချုပ် ဒုတိယဗိုလ်ချုပ်ကြီး သီဟသူရ တင်အောင်မြင့်ဦးသည် အောင်ပန်းတပ်နယ်မှ ဗိုလ်မှူးချုပ်သက်နိုင်၊ အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ်မှ ဗိုလ်မှူးကြီးဝင်းလှိုင်၊ ရှမ်းပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး ဦးခင်မောင်ကြီး၊ ပြည်နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးကြီး ညွန့်ဝင်းတို့နှင့်အတူ ဘုရားရုပ်ပွားတော်တစ်ဆူကို ပင့်ဆောင်သည်။

ထို့နောက် အင်းလေးဒေသမှ ဖောင်တော်ဦးဘုရား ရုပ်ပွားတော်များအား ပင့်ဆောင်ရေးဘော်ယာဉ်ဖြင့် ညောင်ရွှေမြို့ အဋ္ဌဒိသာဓမ္မဝိဟာရ ဒေသစာရီ ကျောင်းတော်ကြီးသို့ ဆက်လက်ပင့်ဆောင်ကြသည်။

ယင်းနောက် ဒုတိယဗိုလ်ချုပ်မှူးကြီး မောင်အေးသည် အဖွဲ့ဝင်များနှင့်အတူ ဖောင်တော်ပြန်ဆိပ်သို့ ပြန်လည်သွားရောက်ပြီး အင်းသားရိုးရာ လှေလှော်ပြိုင်ပွဲကို တက်ရောက်ကြည့်ရှု အားပေးချီးမြှင့်သည်။ အင်းသားရိုးရာ အမျိုးသား၊ အမျိုးသမီး လှေပြိုင်ပွဲတွင် အမျိုးသား ရာကျော်လှေပြိုင်ပွဲ၊ အမျိုးသား ၄၆ တက် လှေပြိုင်ပွဲ၊ အမျိုးသမီး ၂၆ တက် လှေပြိုင်ပွဲများနှင့် အင်းသားရိုးရာ အလှပြလှေ၊ ဆွမ်းပို့လှေ သရုပ်ပြ လှော်ခတ်ပွဲများ ပါဝင်ကြသည်။

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ၊ ဒုတိယ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်၊ ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးနှင့် အဖွဲ့ဝင်များ အင်းသားရိုးရာ လှေလှော်ပြိုင်ပွဲကို ကြည့်ရှုအားပေးချီးမြှင့်ကြစဉ်။ (သတင်းစဉ်)

ထို့နောက် လှေပြိုင်ပွဲ ဆုချီးမြှင့်ခြင်း အစီအစဉ်ကို ကျင်းပရာ ကာကွယ်ရေးဦးစီးချုပ်(လေ) ဒုတိယဗိုလ်ချုပ်ကြီး မြတ်ဟိန်း၏ ဇနီး ဒေါ်ထွေးထွေးညွန့်က ရွှေနီကုန်း ဆွမ်းပို့လှေအဖွဲ့များအား လည်းကောင်း၊ ကာကွယ်ရေးဦးစီးချုပ်(ရေ) ဒုတိယဗိုလ်ချုပ်ကြီးစိုးသိန်း၏ ဇနီး ဒေါ်အေးအေးက ယဉ်ကျေးမှုအဖွဲ့အား လည်းကောင်း၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ဒုတိယဗိုလ်ချုပ်ကြီး ကျော်ဝင်း၏ ဇနီး ဒေါ်စန်းစန်းရီက အင်းပေါခုံ လှေယဉ်အဖွဲ့အား လည်းကောင်း ဆုများကို ပေးအပ်ချီးမြှင့်ကြသည်။

နှစ်သိမ့်ဆုချီးမြှင့်

ယင်းနောက် နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် တပ်မတော် လေ့ကျင့်ရေးအရာရှိချုပ် ဒုတိယဗိုလ်ချုပ်ကြီး အောင်ထွေးက အမျိုးသား ၄၆ တက် လှေပြိုင်ပွဲတွင် နှစ်သိမ့်ဆုရ ကေလာကျေးရွာ အသင်းအားလည်းကောင်း၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် စစ်ထောက်ချုပ် ဒုတိယဗိုလ်ချုပ်ကြီး သီဟသူရ တင်အောင်မြင့်ဦးက အမျိုးသား ၄၆ တက် လှေပြိုင်ပွဲ တွင် နှစ်သိမ့်ဆုရ ရေသာကျေးရွာအသင်းအား လည်းကောင်း ဆုများကို ပေးအပ်ချီးမြှင့်ကြသည်။

ဆက်လက်၍ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ဒုတိယဗိုလ်ချုပ်ကြီး မောင်ဘိုက အမျိုးသား ရာကျော်လှေပြိုင်ပွဲတွင် နှစ်သိမ့်ဆုရ သပြေကျေးရွာအသင်းနှင့် ရေသာကျေးရွာအသင်းတို့အား ဆုများကို ပေးအပ်ချီးမြှင့်သည်။

ပေးအပ်ချီးမြှင့်

ထို့နောက် နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဗိုလ်ချုပ်မှူးကြီး မောင်အေး၏ ဇနီး ဒေါ်မြမြစန်းက အမျိုးသမီး ၂၆ တက် လှေပြိုင်ပွဲတွင် ဒုတိယဆုရ မိုင်းသောက်ကျေးရွာ အသင်းနှင့် ပထမဆုရ အိုင်ထောင့်ကြီးကျေးရွာ အသင်းတို့အား ဆုများကို ပေးအပ်ချီးမြှင့်သည်။

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ၊ ဒု
ဦးစီးချုပ်၊ ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေး
၂၆တက် လှေပြိုင်ပွဲတွင် ပထမဆုရ အိုင်ထောင့်ကြီးကျေးရွာအသင်းအား ဆု

ယင်းနောက် နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်းသည် အမျိုးသား ၄၆ တက် လှေပြိုင်ပွဲတွင် ဒုတိယဆုရ ဝမ်းဘဲအင်းကျေးရွာ အသင်းနှင့် ပထမဆုရ အိုင်ထောင့်ကြီး ကျေးရွာ အသင်းတို့အား ဆုများကို ပေးအပ်ချီးမြှင့်သည်။

ထို့နောက် နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ၊ ဒုတိယတပ်မတော် ကာကွယ်ရေးဦးစီးချုပ်၊ ကာကွယ်ရေး ဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး မောင်အေးက အမျိုးသား ရာကျော်လှေပြိုင်ပွဲတွင် ဒုတိယဆုရ အိုင်ထောင့်ကြီးကျေးရွာအသင်းနှင့် ပထမဆုရ မိုင်းသောက်ကျေးရွာ အသင်းတို့အား ဆုများကို ပေးအပ် ချီးမြှင့်ပြီး ပြိုင်ပွဲဝင် လှေအသင်းများအား ရင်းရင်းနှီးနှီးနှုတ်ဆက်ကြသည်။

ယင်းနောက် ဒုတိယဗိုလ်ချုပ်မှူးကြီး မောင်အေး၊ ဇနီး ဒေါ်မြမြစန်းနှင့် အဖွဲ့ဝင်များသည် ညောင်ရွှေမြို့ရှိ အဋ္ဌဒိသာ ဓမ္မဝိဟာရ ဒေသစာရီ ကျောင်းတော်သို့ သွားရောက်ကြပြီး ညောင်ရွှေမြို့၌ သုံးရက်တိုင် ကိန်းဝပ်စံပယ် အပူဇော်ခံမည့် အင်းလေး ဖောင်တော်ဦးဘုရား ရုပ်ပွားတော်များအား စောင့်မျှော် ဖူးမြော်ကြည်ညိုကြသည်။

ဆက်ကပ်လှူဒါန်း

ရှေးဦးစွာ ညောင်ရွှေမြို့နယ် သံဃနာယကအဖွဲ့ဥက္ကဋ္ဌ လှိုင်ကြူ ပရိယတ္တိ စာသင်တိုက် ပဓာနနာယက ဆရာတော် အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တ မဟိန္ဒနှင့် ရှမ်းပြည်နယ် သံဃနာယက (ရွှေကျင်) ဥက္ကဋ္ဌ ညောင်ရွှေမြို့ ကန်ကြီးပရိယတ္တိစာသင်တိုက် ဆရာတော် ဘဒ္ဒန္တ ဓမ္မဝရတို့ အမှူးပြုတော်မူသော ဆရာတော်၊ သံဃာတော်များသည် အင်းလေးဖောင်တော်ဦး ဘုရား ရုပ်ပွားတော်များအား ဆွမ်း၊ ပန်းနှင့် ဆီမီးတို့ကို လှူဒါန်းတော်မူကြပြီး မျက်ပါးရွှေသင်္ကန်းများကိုလည်း ဆက်ကပ်လှူဒါန်းတော်မူကြသည်။

ထို့နောက် နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ၊ ဒုတိယ တပ်မတော် ကာကွယ်ရေးဦးစီးချုပ်၊ ကာကွယ် ရေးဦးစီးချုပ်(ကြည်း) ဒုတိယ ဗိုလ်ချုပ်မှူးကြီးမောင်အေးနှင့် ဇနီး ဒေါ်မြမြစန်းတို့သည် အင်းလေးဖောင်တော်ဦးဘုရား ရုပ်ပွားတော်များအား ဆွမ်း၊ ပန်းနှင့် ဆီမီးများဖြင့် ဆက်ကပ် လှူဒါန်းကြသည်။

သီလခံယူ

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ၊ ဒုတိယ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်၊ ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး မောင်အေးနှင့် ဇနီး ဒေါ်မြမြစန်းတို့ တောင်ကြီးမြို့ သိမ်တောင် ပရိယတ္တိစာသင်တိုက် ဓမ္မာရုံတော်ကြီး၌ နိုင်ငံတော်ဩဝါဒါစရိယ အဘိဓဇ အဂ္ဂမဟာသဒ္ဓမ္မဇောတိက အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တဆန္ဒာဓိက ဆရာတော်ကြီးထံမှ ငါးပါးသီလ ခံယူဆောက်တည်ကြစဉ်။ (သတင်းစဉ်)

ယင်းနောက် ဒုတိယဗိုလ်ချုပ်မှူးကြီး မောင်အေး၊ ဇနီး ဒေါ်မြမြစန်းနှင့် အဖွဲ့ဝင်များသည် ညောင်ရွှေမြို့ရှိ အဋ္ဌဒိသာ ဓမ္မဝိဟာရ ဒေသစာရီ ကျောင်းတော်သို့ သွားရောက်ကြပြီး ညောင်ရွှေမြို့၌ သုံးရက်တိုင် ကိန်းဝပ်စံပယ် အပူဇော်ခံမည့် အင်းလေး ဖောင်တော်ဦးဘုရား ရုပ်ပွားတော်များအား စောင့်မျှော် ဖူးမြော်ကြည်ညိုကြသည်။

ဆက်ကပ်လှူဒါန်း

ရှေးဦးစွာ ညောင်ရွှေမြို့နယ် သံဃနာယကအဖွဲ့ဥက္ကဋ္ဌ လိုင်ကြူ ပရိယတ္တိ စာသင်တိုက် ပဓာနနာယက ဆရာတော် အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တမဟိန္ဒနှင့် ရှမ်းပြည်နယ် သံဃနာယက (ရွှေကျင်) ဥက္ကဋ္ဌ ညောင်ရွှေမြို့ ကန်ကြီးပရိယတ္တိစာသင်တိုက် ဆရာတော် ဘဒ္ဒန္တဓမ္မဝရတို့ အမှူးပြုတော်မူသော ဆရာတော်၊ သံဃာတော်များသည် အင်းလေးဖောင်တော်ဦး ဘုရား ရုပ်ပွားတော်များအား ဆွမ်း၊ ပန်းနှင့် ဆီမီးတို့ကို လှူဒါန်းတော်မူကြပြီး မျက်ပါးရွှေသင်္ကန်းများကိုလည်း ဆက်ကပ်လှူဒါန်းတော်မူကြသည်။

ထို့နောက် နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ၊ ဒုတိယ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်၊ ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးနှင့် ဇနီး ဒေါ်မြမြစန်းတို့သည် အင်းလေးဖောင်တော်ဦးဘုရား ရုပ်ပွားတော်များအား ဆွမ်း၊ ပန်းနှင့် ဆီမီးများဖြင့် ဆက်ကပ် လှူဒါန်းကြသည်။

ဆက်လက်၍ ဒုတိယဗိုလ်ချုပ်မှူးကြီး မောင်အေး၊ ဇနီး ဒေါ်မြမြစန်းတို့သည် ဆရာတော် သံဃာတော်များအား ဖူးမြော်ကြည်ညိုကြပြီး လှူဖွယ်ပစ္စည်းများကို ဆက်ကပ်လှူဒါန်းကြသည်။

ယင်းနောက် လိုက်ပါလာကြသော အဖွဲ့ဝင်များက ဆရာတော် သံဃာတော်များအား လှူဖွယ်ပစ္စည်းများကို ဆက်ကပ်လှူဒါန်းကြသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်မှူးကြီး မောင်အေး၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်များ၊ အစိုးရအဖွဲ့–အဖွဲ့ဝင် ဝန်ကြီးများ၊ တပ်မတော် အရာရှိကြီးများနှင့် တာဝန်ရှိပုဂ္ဂိုလ်များသည် အင်းလေးဖောင်တော်ဦးဘုရား ရုပ်ပွားတော်များအား မျက်ပါးရွှေသင်္ကန်းများကို ဆက်ကပ်လှူဒါန်းကြသည်။

ယင်းနောက် ဒုတိယဗိုလ်ချုပ်မှူးကြီး မောင်အေးသည် ဘုရားဖူးလာကြသော ဒေသခံ တိုင်းရင်းသားပြည်သူများအား ရင်းရင်းနှီးနှီး နှုတ်ဆက်သည်။

ထိုမှတစ်ဆင့် ဒုတိယ ဗိုလ်ချုပ်မှူးကြီး မောင်အေး၊ ဇနီး ဒေါ်မြမြစန်းနှင့် အဖွဲ့ဝင်များသည် ညောင်ရွှေမြို့ သာသနဝိပုလ ရွှေဂူပရိယတ္တိ စာသင်တိုက်သို့ သွားရောက်၍ ညောင်ရွှေမြို့ရှိ ပရိယတ္တိ စာသင်တိုက်ကြီးများမှ ဆရာတော် သံဃာတော်များအား ဖူးမြော်ကြည်ညိုကြပြီး လှူဖွယ်ပစ္စည်းများကို ဆက်ကပ်လှူဒါန်းကြသည်။

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ၊ ဒုတိယ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်၊ ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေး အမျိုးသား ရာကျော်လှေပြိုင်ပွဲတွင် ပထမဆုရ မိုင်းသောက်ကျေးရွာအသင်းအား ဆုပေးအပ်ချီးမြှင့်စဉ်။ (သတင်းစဉ်)

ယင်းဆက်ကပ်လှူဒါန်းပွဲ အခမ်းအနားသို့ နိုင်ငံတော်ဩဝါဒါစရိယ အဘိဓဇ အဂ္ဂမဟာ သဒ္ဓမ္မဇောတိက အဂ္ဂမဟာပဏ္ဍိတ သာသနဝိပုလ ရွှေဂူပရိယတ္တိစာသင်တိုက် ပဓာနနာယက ဘဒ္ဒန္တဝိလာသာဘိဝံသ၊ နိုင်ငံတော် သံဃမဟာနာယက အဖွဲ့ဝင် အဂ္ဂမဟာပဏ္ဍိတ အဂ္ဂမဟာ သဒ္ဓမ္မဇောတိကဓဇ ရွှေဘုံသာကျောင်းတိုက် ပဓာနနာယက ဆရာတော် ဘဒ္ဒန္တဝေပုလ္လာဘိဝံသနှင့် ရှမ်းပြည်နယ် သံဃနာယက (ရွှေကျင်) ဥက္ကဋ္ဌ ကန်ကြီးပရိယတ္တိစာသင်တိုက် ဆရာတော် ဘဒ္ဒန္တဓမ္မဝရတို့ အမှူးပြုတော်မူကြသော ညောင်ရွှေမြို့ရှိ ပရိယတ္တိစာသင်တိုက်ကြီးများမှ ဆရာတော် သံဃာတော်များ ကြွရောက်တော်မူကြသည်။

အခမ်းအနားတွင် နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ဝင် အဂ္ဂမဟာ ပဏ္ဍိတ အဂ္ဂမဟာ သဒ္ဓမ္မဇောတိကဓဇ ရွှေဘုံသာကျောင်းတိုက် ပဓာနနာယက ဘဒ္ဒန္တဝေပုလ္လာဘိဝံသထံမှ ဒုတိယဗိုလ်ချုပ်မှူးကြီး မောင်အေး၊ ဇနီး ဒေါ်မြမြစန်းတို့ အမှူးပြုသော ပရိသတ်တို့က ငါးပါးသီလ ခံယူဆောက်တည်ကြသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်မှူးကြီး မောင်အေးနှင့် ဇနီး ဒေါ်မြမြစန်းတို့သည် နိုင်ငံတော်ဩဝါဒါစရိယ သာသနဝိပုလ ရွှေဂူပရိယတ္တိစာသင်တိုက် ပဓာနနာယက ဆရာတော်အား လှူဖွယ်ပစ္စည်းများကို ဆက်ကပ်လှူဒါန်းသည်။

ဆက်လက်၍ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်များ၊ ဝန်ကြီးများ၊ တပ်မတော်အရာရှိကြီးများနှင့် ဌာနဆိုင်ရာ တာဝန်ရှိသူများသည် ဆရာတော် သံဃာတော်များအား လှူဖွယ်ပစ္စည်းများကို ဆက်ကပ်လှူဒါန်းကြသည်။

ယင်းနောက် ဒုတိယဗိုလ်ချုပ်မှူးကြီး မောင်အေး၊ ဇနီး ဒေါ်မြမြစန်းနှင့် အဖွဲ့ဝင်များသည် နိုင်ငံတော် ဗဟိုသံဃာ့ဝန်ဆောင် အဂ္ဂမဟာပဏ္ဍိတ၊ အဂ္ဂမဟာဂန္ထဝါစက ပဏ္ဍိတ မိုင်းသောက် ကျောင်းဆရာတော် ဘဒ္ဒန္တသုမင်္ဂလာဘိဝံသထံမှ အနုမောဒနာတရား နာကြားကြပြီး လှူဒါန်းမှု အစုစုတို့အတွက် ရေစက်သွန်းချ အမျှပေးဝေကြသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်မှူးကြီး မောင်အေး၊ ဇနီး ဒေါ်မြမြစန်းနှင့် အဖွဲ့ဝင်များသည် ညောင်ရွှေမြို့ရှိ လိုင်ကြူ ပရိယတ္တိစာသင်တိုက်သို့ သွားရောက်၍ ညောင်ရွှေမြို့နယ် သံဃနာယကအဖွဲ့ ဥက္ကဋ္ဌ အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တမဟိန္ဒအား ဖူးမြော်ကြည်ညို၍ လှူဖွယ်ပစ္စည်းများကို ဆက်ကပ်လှူဒါန်းကြသည်။

ယင်းနောက် ဒုတိယဗိုလ်ချုပ်မှူးကြီး မောင်အေး၊ ဇနီး ဒေါ်မြမြစန်းနှင့် အဖွဲ့ဝင်များသည် ညောင်ရွှေမြို့မှ ရဟတ်ယာဉ်များဖြင့် ထွက်ခွာကြရာ မွန်းလွဲပိုင်းတွင် တောင်ကြီးမြို့သို့ ရောက်ရှိကြသည်။

ဖူးမြော်ကြည်ညို

ထို့နောက် တောင်ကြီးမြို့ သိမ်တောင် ပရိယတ္တိစာသင်တိုက် ဓမ္မာရုံတော်ကြီး၌ နိုင်ငံတော် ဩဝါဒါစရိယ အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တဆန္ဒာဓိက ဆရာတော်ကြီးအား ဖူးမြော်ကြည်ညိုသည်။

ဆက်လက်၍ ဒုတိယဗိုလ်ချုပ်မှူးကြီး မောင်အေး အမှူးပြုသော ပရိသတ်တို့က ဆရာတော်ကြီးထံမှ ငါးပါးသီလ ခံယူဆောက်တည်ကြပြီး ဆရာတော် သံဃာတော်များ ရွတ်ပွား သရဇ္ဈာယ်တော်မူကြသော ပရိတ်တရားတော်များကို နာယူကြသည်။

ယင်းနောက် ဒုတိယဗိုလ်ချုပ်မှူးကြီး မောင်အေးနှင့် ဇနီးတို့သည် ဆရာတော်ကြီးအား သင်္ကန်း အစရှိသော ပရိက္ခရာလှူဖွယ်ဝတ္ထုများနှင့် ဆေးဝါး ပစ္စည်းများကို ဆက်ကပ်လှူဒါန်းကြသည်။

ဆက်လက်၍ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်များနှင့် ဝန်ကြီးများက ကြွရောက်တော်မူလာကြသော ဆရာတော် သံဃာတော်ကြီးများအား လှူဖွယ်ပစ္စည်းများကို ဆက်ကပ်လှူဒါန်းကြသည်။

မေးမြန်းလျှောက်ထား

ထို့နောက် ဒုတိယဗိုလ်ချုပ်မှူးကြီး မောင်အေးနှင့် အဖွဲ့ဝင်များသည် ဆရာတော်ကြီးထံမှ အနုမောဒနာတရား နာယူကြပြီး လှူဒါန်းမှု အစုစုတို့အတွက် ရေစက်သွန်းချ အမျှပေးဝေကြသည်။ ယင်းနောက် ဆရာတော်ကြီးအား လိုအပ်သည်များကို မေးမြန်းလျှောက်ထားကြသည်။

ပြန်လည်ရောက်ရှိ

ထို့နောက် ဒုတိယဗိုလ်ချုပ်မှူးကြီး မောင်အေးနှင့် အဖွဲ့ဝင်များသည် တောင်ကြီးမြို့မှ ရဟတ်ယာဉ်များဖြင့် ထွက်ခွာခဲ့ကြရာ ညပိုင်းတွင် နေပြည်တော်သို့ ပြန်လည်ရောက်ရှိကြသည်။ (သတင်းစဉ်)

...သာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ၊ ဒုတိယ တပ်မတော်ကာကွယ်ရေး ...စီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေး၏ဇနီး ဒေါ်မြမြစန်း အမျိုးသမီး ...ထမဆုရ အိုင်ထောင့်ကြီးကျေးရွာအသင်းအား ဆုပေးအပ်ချီးမြှင့်စဉ်။ (သတင်းစဉ်)

မြန်မာ့ရုပ်မြင်သံကြားအစီအစဉ်

၁၉–၁၀–၂၀၀၇ (သောကြာနေ့)

၁၃၆၉ ခုနှစ်၊သီတင်းကျွတ်လဆန်း ၈ ရက် (ဥပုသ်နေ့)

နံနက်ပိုင်း

- ၇:၀၀ ၁။ **အဘိဓဇအဂ္ဂမဟာ သဒ္ဓမ္မဇောတိက တောင်တန်းသာသနာပြု ဆရာတော်ကြီး ဦးဥတ္တမသာရ၏ ပရိတ်တရားတော်**
- ၇:၂၅ ၂။ ကျန်းမာဖို့အတူကစားစို့
- ၇:၃၀ ၃။ နံနက်ခင်းသတင်း
- ၇:၄၀ ၄။ ဖောင်တော်ဦးဘုရားပွဲတော် (အင်းလေး)
- ၇:၅၅ ၅။ သံသာချိုအေးမင်္ဂလာတေး
- ၈:၁၅ ၆။ အတီးပြိုင်ပွဲ
- ၈:၃၀ ၇။ International News.
- ၈:၄၀ ၈။ Islands of Dhamma.
- ၈:၅၀ ၉။ ဘဒ္ဒန္တ သိရိန္ဒာဘိဝံသ (အဂ္ဂမဟာပဏ္ဍိတ၊ တိပိဋကဓရ၊ ဓမ္မဘဏ္ဍာဂါရိက)နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ဝင်ဆရာတော် မဟာဝိသုဒ္ဓါရုံတိုက်သစ်ဗဟန်းမြို့နယ်၊ရန်ကုန်တိုင်းထံမှ နဝင်္ဂဥပေါသထသီလ ခံယူဆောက်တည်ခြင်း
- ၉:၀၀ ၁၀။ အစီအစဉ်ပြီး၏။

ညပိုင်း

- ၂:၅၀ ၁။ ၂၀၀၇ ခုနှစ် (၂၃)ကြိမ်မြောက် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ဖလား အသက် (၂၁) နှစ်နှင့်အောက် တပ်မတော်(ကြည်း၊ရေ၊လေ) ဘောလုံးပြိုင်ပွဲ တိုက်ရိုက်ထုတ်လွှင့်မှုအစီအစဉ် (ဒုတိယအကြိုဗိုလ်လုပွဲ)
- ၄:၄၅ ၂။ မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်ရေးတေးများ
- ၅:၀၀ ၃။ ဆောင်းပါးရှင် ဖိုးသူတော်ရေချမ်း၏ "ဓမ္မန္တရာယ်လက်သစ်များနှင့် ကာလဝိပ္ပတ္တိ နိုင်ငံရေး အောက်လမ်းသမားများ"
- ၅:၁၅ ၄။ ရန်ကုန်တိုင်း အမှတ်(၃)အခြေခံပညာဦးစီးဌာန၊ ဆဌမအကြိမ် ဓမ္မစကြာဝတ်ရွတ်ပူဇော်ပွဲ (ပထမဆု) (အထက ၁၊ သန်လျင်) (အမျိုးသားဝတ်ရွတ်အဖွဲ့)
- ၅:၃၅ ၅။ (၂၄)ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲ ကြိုတင်ပြင်ဆင်မှုများ (လှေကျင့်ကြီးစား လှေလှော်အားကစား)
- ၆:၀၀ ၆။ ညနေခင်းသတင်း
- ၆:၃၀ ၇။ မိုးလေဝသအခြေအနေ
- ၆:၃၅ ၈။ သုတစုံလင်ရွှေညာဏ်ရှင်
- ၇:၀၅ ၉။ **နိုင်ငံခြားဇာတ်လမ်းတွဲ "ရေသူမလေး တတိယချစ်ပုံပြင်" (အပိုင်း–၁၂)**
- ၈:၀၀ ၁၀။ ပြည်တွင်းသတင်း
- ၁၁။ နိုင်ငံတကာသတင်းများ
- ၁၂။ မိုးလေဝသအခြေအနေ
- ၁၃။ ၂၀၀၇ခုနှစ်(၁၅)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှုအဆို၊ အက၊အရေး၊အတီးပြိုင်ပွဲ
- ၁၄။ **နိုင်ငံခြားဇာတ်လမ်းတွဲ "ချစ်စိတ်ကူးလေး တဝဲလည်လည်" (အပိုင်း–၂၆)**
- ၁၅။ မင်းကွန်းဆရာတော်ကြီး ဦးဝိစိတ္တသာရာဘိဝံသ၏ အရပ်ဆယ်မျက်နှာ မေတ္တာဘာဝနာပွားများခြင်း တရားတော်
- ၁၆။ နောက်တစ်နေ့အစီအစဉ်
- ၁၇။ အစီအစဉ်ပြီး၏။

အာဆီယံ လက်မှုအနုပညာ အကောင်းဆုံး လက်ရာဆုများ အမျိုးသားအဆင့် ပြိုင်ပွဲဝင်ရန် လျှောက်လွှာပိတ်ရက် ရက်တိုးသတ်မှတ်

ရန်ကုန် အောက်တိုဘာ ၁၈

အာဆီယံ လက်မှုအနုပညာ အကောင်းဆုံးလက်ရာဆုများ အမျိုးသား အဆင့်ပြိုင်ပွဲဝင်ရန် လျှောက်လွှာများကို အမျိုးသားပြတိုက်နှင့် သက်ဆိုင်ရာ သတ်မှတ်နေရာများတွင် အခမဲ့ လာရောက်ထုတ်ယူ၍ ယှဉ်ပြိုင်ရန်နှင့် အမည်စာရင်း ပေးသွင်းနိုင်ရန် မူလသတ်မှတ်ထားသော ၂၀၀၇ ခုနှစ် အောက်တိုဘာ ၈ ရက်အစား ၂၀၀၇ ခုနှစ် အောက်တိုဘာ ၃၁ ရက်အထိ နောက်ဆုံးထား၍ တင်သွင်းနိုင်ရန် ရက်တိုးသတ်မှတ်လိုက်ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေ တပ်မတော်(ကြည်း၊ရေ၊လေ) မိသားစုများနှင့်စေတနာရှင်ပြည်သူများ၏ ဆွမ်းဆန်တော်၊ ဆီ၊ဆား၊ဆေး၊ပဲနှင့် ဆွမ်းပဒေသာပင်အလှူငွေများ ဆက်ကပ်လှူဒါန်းပွဲသို့တက်ရောက်၊ လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်း

ရန်ကုန် အောက်တိုဘာ ၁၈

ရန်ကုန်အနောက်ပိုင်းခရိုင် ကမာရွတ်မြို့နယ်အတွင်းရှိ ဘုန်းတော်ကြီး စာသင်တိုက်လေးတိုက်သို့ တပ်မတော်(ကြည်း၊ ရေ၊ လေ)မိသားစုများနှင့် စေတနာရှင်ပြည်သူများ၏ ဆွမ်းဆန်တော်၊ ဆီ၊ ဆား၊ ဆေး၊ ပဲနှင့် ဆွမ်းပဒေသာပင်အလှူငွေများ ပေးအပ်လှူဒါန်းပွဲအခမ်းအနားကို အောက်တိုဘာ ၁၇ ရက် မွန်းလွဲ ၁ နာရီတွင် ကမာရွတ်မြို့နယ် အမှတ် (၃) ရပ်ကွက် မြဖေယျာလမ်းနှင့် မြသိင်္ဂီလမ်းထောင့်ရှိ သုစိတ္တာရုံ ပရိယတ္တိစာသင်တိုက်၌ ကျင်းပသည်။

အခမ်းအနားသို့ ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီး မြင့်ဆွေ တက်ရောက်ကြည်ညိုပြီး ဆရာတော်၊ သံဃာတော်များအား သက်န်းအစရှိသော လှူဖွယ်ပစ္စည်းများကို ဆက်ကပ်လှူဒါန်းသည်။

အခမ်းအနားသို့ ကမာရွတ်မြို့နယ်အတွင်းရှိ ဘုန်းတော်ကြီးစာသင်တိုက်လေးတိုက်တို့မှ ပဓာနနာယက ဆရာတော်ကြီးများ ကြွရောက်တော်မူကြပြီး ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီဒုတိယဥက္ကဋ္ဌ၊ ဒုတိယမြို့တော်ဝန်ဗိုလ်မှူးကြီးမောင်ပါ၊ တပ်မတော်အရာရှိကြီးများ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ ရန်ကုန်အနောက်ပိုင်းခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီနှင့် မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌများနှင့် အဖွဲ့ဝင်များ၊ လူမှုရေးအသင်းအဖွဲ့ဝင်များနှင့် စေတနာရှင်အလှူရှင်များ တက်ရောက်ကြည်ညိုကြသည်။

ဆက်လက်၍ ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ၊ ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီ၊ သာသနာရေးဝန်ကြီးဌာန၊ ပြည်ထောင်စုမြန်မာနိုင်ငံတော် စီးပွားရေးဦးပိုင်လီမိတက်၊ သတ္တုတွင်းဝန်ကြီးဌာန မြန်မာ့ဆားနှင့်အဏ္ဏဝါဓာတုဗေဒပစ္စည်း ထုတ်လုပ်ရေးနှင့် ရောင်းဝယ်ရေးလုပ်ငန်းနှင့် ရန်ကုန်တိုင်း ဆားစက်လုပ်ငန်းရှင်များ၊ ကျန်းမာရေးဝန်ကြီးဌာန တိုင်းရင်းဆေးပညာ ဦးစီးဌာန၊ မြန်မာ့ရေထွက်ပစ္စည်း ရောင်းဝယ်ရေးနှင့် ပို့ကုန်လုပ်ငန်းရှင်များအသင်း၊ ရန်ကုန်အနောက်ပိုင်းခရိုင်နှင့် ကမာရွတ်မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ၊ စန္ဒီပရဆေးမိသားစု၊ အိုကေကောက်ပဲသီးနှံ ရောင်းဝယ်ရေး၊ PMG ကုမ္ပဏီလီမိတက်၊ ဦးကျော်ကျော်ဦး– သီဟသုဓမ္မသီဂိ ဒေါ်သန်းသန်းစိန်၊ သီရိကုဋေကြွယ် ကြက်ဆူစိုက်ပျိုးရေး၊ အမက(၄)ကမာရွတ်၊ အမက(၁) ကမာရွတ်၊ အမှတ် (၃) ရပ်ကွက် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း၊ အာရှကြီးပွားတိုးတက်ရေးကုမ္ပဏီလီမိတက်နှင့် ကျော်တိုင်းရင်းဆေးတိုက်တို့မှ ဆွမ်းဆန်တော်၊ ဆီ၊ ဆား၊ ဆေး၊ ပဲနှင့် လှူဖွယ်ပစ္စည်းများကို ဆရာတော်ထံ ဆက်ကပ်လှူဒါန်းကြသည်။

တပ်မတော်(ကြည်း၊ ရေ၊ လေ)မိသားစုနှင့် ဖွံ့ဖြိုးရေးကောင်စီတို့က ငွေကျပ် ၄၀၀၀၀ စီ၊ ရန်ကုန်အနောက်ပိုင်းခရိုင် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ၊ ကမာရွတ်မြို့နယ် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီတို့က ငွေကျပ်နှစ်သိန်း၊ ကမ္ဘောဇဘဏ်လီမိတက်က ငွေကျပ် ၁၂ သိန်း၊ ဦးဇေယျာသူရမွန် (MD, Gunkul Engineering & Air FreshCo.,Ltd.)က ငွေကျပ်ရှစ်သိန်း၊ ဦးမောင်မောင် (ရွှေကမ္ဘာဆောက်လုပ်ရေး)က ငွေကျပ်ငါးသိန်း၊ ရှမ်းရိုးမနဂါး ကုမ္ပဏီလီမိတက်က ငွေကျပ်လေးသိန်း၊ (ဦးသိန်းမောင်)–ဒေါ်ပါးပါး (စန္ဒီပရဆေးမိသားစု)က ငွေကျပ် ၃၀၇၀၀၀၊ ဦးမျိုးဆွေ–ဒေါ်မြရှင် (ပုလဲရတနာရောင်းဝယ်ရေး)၊ ဦးချစ်ခိုင် (ဇေင်ဆောက်လုပ်ရေး)နှင့် သီဟသုဓမ္မမဏိဇောတဓရ ဦးတင်ဝင်း–သီရိသုဓမ္မသီဂိ ဒေါ်စန်းစန်းဝင်း(မြန်မာပြည်သားဟော့ KNကုမ္ပဏီ)တို့က ငွေကျပ်သုံးသိန်းစီ၊ ကမာရွတ်မြို့နယ် ပညာရေးမိသားစုကငွေကျပ် ၂၆၁၀၀၀၊ ဦးရဲအောင်–ဒေါ်လဲ့လဲ့ဝင်း(သီရိကုဋေကြွယ်ကြက်ဆူစိုက်ပျိုးရေး)က ငွေကျပ် ၂၀၆၀၀၀၊ ဦးမိုးမြင့် (Myint & Associates Co.,Ltd)၊ ဦးအောင်သန်းဦး (မြန်မာနိုင်ငံ ဆန်ကုန်သည်ကြီးများအသင်း)၊ Jewellery Love & Summer Palace Hotel ၊ မြန်မာနိုင်ငံ ဆီကုန်သည်များအသင်း၊ ကမာရွတ်မြို့နယ် ဆီကုန်သည်များအသင်း၊ ဦးထွန်းမြင့်–ဒေါ်စန်းစန်းဦး(မဥ္ဇူထွန်းမြင့် ကုမ္ပဏီလီမိတက်) နှင့် ကျော်ညွှန့်နှင့် ညီအစ်ကိုများတို့က ငွေကျပ် နှစ်သိန်းစီ၊ ဦးသိုင်းဝင်း–ဒေါ်ရွှေရွှေညွှန့် (BTBကုမ္ပဏီ)နှင့် သုဓမ္မမဏိဇောတဓရ ဦးတင်အောင်–သီရိသုဓမ္မသီဂိဒေါ်လှလှနွယ်(ဝင်းရတနာ ခရီးသွားလုပ်ငန်း)တို့က ငွေကျပ် ၁၅၀၀၀၀ စီ၊ Blazon မိသားစု၊ ဒေါ်အက်စ်ခေါင်နန် (May & Mark Jewellery)၊ ဒေါ်လှလှ (လမ်းမတော်)၊ ဦးသတိုးဦး–ဒေါ်ပုလဲသူဇာ(Diamond & Angle)၊ ဦးမျိုးအောင်–ဒေါ်ခင်ရည်မွန် (ဆန်းမြန်မာ ကုမ္ပဏီလီမိတက်)နှင့် ဦးအောင်မွန်–ဒေါ်လှလှမော် (မြင့်မြတ်ဆန်စပါး စိုက်ပျိုးရေး)တို့က ငွေကျပ်တစ်သိန်းစီ၊ အမှတ်(၁)၊ အမှတ်(၂)၊ အမှတ်(၇)နှင့် အမှတ်(၁၀) ရပ်ကွက် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီများက ငွေကျပ်တစ်သိန်းစီ အပါအဝင် စေတနာရှင်၊ အလှူရှင်များက အလှူငွေကျပ် ၈၉၈၄၀၀၀ ကို ပေးအပ်လှူဒါန်းကြရာ ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေ၊ ဒုတိယမြို့တော်ဝန် ဗိုလ်မှူးကြီးမောင်ပါနှင့် တပ်မတော်အရာရှိကြီးများက လက်ခံကြပြီး ဂုဏ်ပြုမှတ်တမ်းလွှာများ ပြန်လည်ပေးအပ်ကြသည်။

ကမာရွတ်မြို့နယ် အတွင်းရှိ ဘုန်းတော်ကြီး စာသင်တိုက်များသို့ ယနေ့လှူဒါန်းမှုအစုစုမှာ ဆွမ်းဆန်တော် ၁၀၁ အိတ်၊ ၁၈ပြည်၊ ဆီ ၁၇၉ ပိဿာ ၄၀ ကျပ်သား၊ အိုင်အိုဒင်းဆား ၃၀၈ ပိဿာ၊ သွားတိုက်ဆား ၅၉ ဘူး၊ ဆေးမျိုးစုံ ၉၈ ဘူး၊ ပဲ ၅၈ ပိဿာ ၈၀ ကျပ်သားနှင့် ဆွမ်းပဒေသာပင် အလှူငွေ စုစုပေါင်းငွေကျပ် ၈၉၈၄၀၀၀ ဖြစ်သည်။

အလားတူ ရန်ကုန်အရှေ့ပိုင်းခရိုင် သဃ်န်းကျွန်းမြို့နယ်ပြည်သာယာလမ်းရှိ မွတ်စလင်(မ်) သက်ကြီးဂေဟာနှင့် အဘွားသုခရိပ်သာသို့ တပ်မတော် (ကြည်း၊ ရေ၊ လေ) မိသားစုများနှင့် စေတနာရှင်ပြည်သူများ၏ ဆန်၊ ဆီ၊ ဆား၊ ဆေး၊ ပဲနှင့်အလှူငွေများ ပေးအပ်လှူဒါန်းပွဲအခမ်းအနားကို ယနေ့ ညနေ ၃ နာရီတွင် သဃ်န်းကျွန်းမြို့နယ် ပြည်သာယာလမ်းရှိ မွတ်စလင်(မ်) သက်ကြီးဂေဟာ၌ ကျင်းပသည်။

ရှေးဦးစွာ မွတ်စလင်(မ်) သက်ကြီးဂေဟာ ဂေဟာမှူး(၂) အလ်ဟာဂျီ မော်လဝီဟာဖစ်ဇ်ဟူစိန်(ခ) ဦးကျော်ဝင်းက ကျမ်းမြတ်ကုရ်အာန်ရွတ်ဖတ်သရဇ္ဈာယ်၍ အခမ်းအနားကိုဖွင့်လှစ်သည်။

ထို့နောက် တပ်မတော်(ကြည်း၊ ရေ၊ လေ)မိသားစုများကိုယ်စား တပ်မတော် (ကြည်း၊ ရေ၊ လေ)အရာရှိကြီးသုံးဦးတို့က ဆန်၊ဆီ၊ပဲနှင့်အလှူငွေကျပ်၂၀၀၀၀၊ ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ ရန်ကုန်တိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်လှရွှေဝင်းက ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီမှ လှူဒါန်းသော ဆန် ငါးအိတ်၊ ဒုတိယမြို့တော်ဝန် ဗိုလ်မှူးကြီးမောင်ပါက ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီမှ လှူဒါန်းသော ဆန်ငါးအိတ်၊ သတ္တုတွင်းဝန်ကြီးဌာန မြန်မာ့ဆားနှင့် အဏ္ဏဝါဓာတုဗေဒ ပစ္စည်း ထုတ်လုပ်ရေးနှင့် ရောင်းဝယ်ရေး လုပ်ငန်းနှင့် ရန်ကုန်တိုင်း ဆားစက် လုပ်ငန်းရှင်များအသင်းက အိုင်အိုဒင်း ဆား ၈၅ ပိဿာနှင့် သွားတိုက်ဆား ၁၇ ဘူး၊ ကျန်းမာရေးဝန်ကြီးဌာန တိုင်းရင်းဆေးပညာ ဦးစီးဌာနက တိုင်းရင်းဆေးမျိုးစုံ ဘူး ၂၂၀၊ မြန်မာနိုင်ငံရေထွက်ပစ္စည်း ထုတ်လုပ်သူများ နှင့် ပို့ကုန်လုပ်ငန်းရှင်များအသင်းက ဆန်ငါးအိတ်၊ (ဦးသိန်းမောင်)–ဒေါ်ပါးပါး(စန္ဒီပရဆေးမိသားစု)က ဆန်အိတ် ၁၀အိတ်၊ဦးဖေသင်လမ်းနေဟာဂျီဦးကျော်အေးနှင့် ဦးငြိမ်း–ဒေါ်အုံးကြင်(OK ကောက်ပဲသီးနှံရောင်းဝယ်ရေး) တို့က ဆန် ငါးအိတ်စီ၊ သဃ်န်းကျွန်းမြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေး အသင်းက ဆန်နှစ်အိတ်၊ ဦးရာဖိတ်ဆိုင်နှင့် ဦးဘဟန်လမ်းနေ ဟာဂျီကိုရှမ်းတို့က ဆန်တစ်အိတ်စီ၊ ဦးစိုးထွန်းရှိန်–ဒေါ်ခရေနွယ် (အာရှကြီးပွားတိုးတက်ရေးကုမ္ပဏီ)က ဆီ ၄၃ ပိဿာ၊ ရွှေကမ္ဘာမောင်မောင်က ငွေကျပ် ၁၁ သိန်း၊ ဟာဂျီအဗ်ဒွလ်ခါလိစ်ခါန်း–ဟာဂျီမဇူလေခါဘီ (AK ခါန်းဂျုံဆိုင်) က ငွေကျပ်ခြောက်သိန်း၊ လှဝေနှင့်သားများကုမ္ပဏီလီမိတက် မန်နေဂျင်းဒါရိုက်တာ ဟာဂျီဦးလှဝေက ငွေကျပ် သုံးသိန်း၊ ဦးထွန်းမြင့်–ဒေါ်စန်းစန်းဦး(ဘုတ်ဆုံမ)၊ ဟာဂျီဦးထွန်းမြင့် (နယူးပါဝါ)၊ ဟာဂျီစွလ်လူးဂျင်(န်)ဝါးလား (မောင်ထော်လေးလမ်း)၊ ဟာဂျီဦးမောင်မောင်ကြီး (MMG ဆောက်လုပ်ရေး)၊ Network Marketing Ltd. ဒါရိုက်တာဦးခင်မောင်အေး၊ မြန်မာနိုင်ငံ ဆီကုန်သည်နှင့် ဆီလုပ်ငန်းရှင်များအသင်း၊ မြန်မာနိုင်ငံ ဆန်စပါးကုန်သည်များအသင်းနှင့်ဟာဂျီ ဦးအောင်နိုင် (အာရှဝင်းနားကုမ္ပဏီ) တို့က ငွေကျပ်နှစ်သိန်းစီ၊ သန်းဗလာစာအုပ်နှင့် စာရေးကိရိယာ၊ ဟာဂျီဦးမြင့်အောင် (စတီးကုမ္ပဏီလီမိတက်)၊ ဟာဂျီဦးလှမြင့် (ရှားဟီးန်ကုမ္ပဏီလီမိတက်)၊ ဟာဂျီဦးမောင်မြ(BSC)၊ ဟာဂျီဦးသိန်းအောင်(အောင်ဆောက်လုပ်ရေး)၊ ဟာဂျီ Royal မြင့်စိုး(ကြွေပြားရောင်းဝယ်ရေး)၊ ဟာဂျီဦးခင်မောင်ဆွေ (ဗိုလ်ဆွန်ပက်လမ်း)၊ ဟာဂျီဦးဇော်ဝင်း (ယုဇနပလာဇာ)၊ ဦးတင်လှ(CAMEL Co., Ltd.) နှင့် ဟာဂျီဝလီ (ရန်ကုန်မက္ကာခရီးသွားလာရေးလုပ်ငန်း)တို့ကငွေကျပ်တစ်သိန်းစီအပါအဝင် အလှူငွေကျပ် ၅၇၃၇၀၀၀ ကို ပေးအပ်လှူဒါန်းကြရာ အိုလမာအစ္စလာမ်သာသနာ့ပညာရှင်များအဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌ မွတ်စလင်(မ်) သက်ကြီးဂေဟာဥက္ကဋ္ဌ အလ်ဂ်ဂျ်မော်လနာဆွာလေ(ခ)ဦးစိုးသန်းနှင့်အဘွားသုခရိပ်သာ အတွင်းရေးမှူး ဟာဂျီဦးမြင့်နိုင်တို့က လက်ခံကြပြီး ဂုဏ်ပြုမှတ်တမ်းလွှာများ ပြန်လည်ပေးအပ်သည်။

မွတ်စလင်(မ်) သက်ကြီးဂေဟာနှင့် အဘွားသုခရိပ်သာသို့ ယနေ့လှူဒါန်းမှု အစုစုမှာ ဆန် ၃၉ အိတ်နှင့် ၁၅ ပြည်၊ ဆီ ၅၁ ပိဿာနှင့်၅၀ ကျပ်သား၊ ဆား ၈၅ ပိဿာ၊ သွားတိုက်ဆား ၁၇ ဘူး၊ တိုင်းရင်းဆေးမျိုးစုံ ၂၂၀ ဘူး၊ ပဲ ၁၇ ပိဿာနှင့် အလှူငွေကျပ် ၅၇၃၇၀၀၀ ဖြစ်သည်။ (သတင်းစဉ်)

ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေထံ ရန်ကုန်အနောက်ပိုင်းခရိုင် ကမာရွတ်မြို့နယ်အတွင်းရှိ ဘုန်းတော်ကြီးစာသင်တိုက်လေးတိုက်သို့ တပ်မတော်(ကြည်း၊ ရေ၊ လေ)မိသားစုများနှင့် စေတနာရှင်ပြည်သူများ၏ ဆွမ်းဆန်တော် ဆီ၊ ဆား၊ ဆေး၊ ပဲနှင့် ဆွမ်းပဒေသာပင် အလှူငွေများ ပေးအပ်လှူဒါန်းပွဲတွင် အလှူရှင်တစ်ဦးက အလှူငွေများ ပေးအပ်လှူဒါန်းစဉ်။ (သတင်းစဉ်)

သဃ်န်းကျွန်းမြို့နယ် ရတနာပုံရိပ်ငြိမ် အမှတ်(၁) ဘုန်းတော်ကြီးသင် ပညာရေးကျောင်းတွင် ပညာသင်ကြားလျက်ရှိသော နယ်စပ်ဒေသများမှ မိဘမဲ့ တိုင်းရင်းသား ကျောင်းသူ၊ ကျောင်းသား ၁၀၀ ကျော်အား မြို့နယ် ဖြိုးစေတနာ အခမဲ့ဆေးကုခန်းမှ ကျန်းမာရေးစစ်ဆေးခြင်းနှင့် ဆေးကုသခြင်းကို အောက်တိုဘာ ၁၁ ရက်က ယင်းပညာရေးကျောင်း၌ဆောင်ရွက်ရာ မြို့နယ်အမျိုးသား ကျန်းမာစောင့်ရှောက်ရေးအဖွဲ့ခေါင်းဆောင် ဦးခင်ဝေနှင့်အဖွဲ့ဝင်များ၊ ဖြိုးစေတနာ အခမဲ့ဆေးကုခန်း တာဝန်ခံဆရာဝန် ဒေါက်တာရဲဆွေနှင့် ကျန်းမာရေးဆရာမများက ကျန်းမာရေးစစ်ဆေးပေးကြစဉ်။ (၅၀၆)

ပစ္စုပ္ပန်တမလွန်နှစ်တန် ချမ်းသာကြောင်းတရားတော် အသံလွှင့်ဟောကြားမည်

ရန်ကုန် အောက်တိုဘာ ၁၈

(၁၃၆၉ ခုနှစ် သီတင်းကျွတ်လဆန်း ၈ ရက်)၊ ၂၀၀၇ ခုနှစ် အောက်တိုဘာ ၁၉ ရက် သောကြာနေ့ နံနက် ၇ နာရီတွင် မြန်မာ့အသံ မြန်မာပိုင်းအစီအစဉ်မှ နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ အဖွဲ့ဝင် ရခိုင်ပြည်နယ် တောင်ကုတ်မြို့ စေတျာရာမကျောင်းတိုက် ပဓာနနာယက ဆရာတော် ဘဒ္ဒန္တ သူရိယဓဇ (မဟာသဒ္ဓမ္မဇောတိကဓဇ၊ ကမ္မဋ္ဌာနာစရိယ)က "ပစ္စုပ္ပန်တမလွန်နှစ်တန် ချမ်းသာကြောင်း တရားတော်" ကို အသံလွှင့် ဟောကြားတော်မူမည် ဖြစ်ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

အဘိဓမ္မာအခါတော်နေ့ တရားတော် ဟောကြားမည်

ရန်ကုန် အောက်တိုဘာ ၁၈

၁၃၆၉ ခုနှစ် သီတင်းကျွတ်လပြည့် (အဘိဓမ္မာအခါတော်နေ့)၊ အောက်တိုဘာ ၂၆ (သောကြာနေ့) နံနက် ၇ နာရီတွင် မြန်မာ့အသံနှင့် ရုပ်မြင်သံကြားအစီအစဉ်မှ နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ ဒုတိယဥက္ကဋ္ဌ ပဲခူးတိုင်း (အနောက်ပိုင်း) ပြည်မြို့ ဇောတိကာရုံ ပါဠိတက္ကသိုလ်ကျောင်းတိုက် ပဓာနနာယကဆရာတော် ဘဒ္ဒန္တ ကုဏ္ဍလဇောတိ (အဂ္ဂမဟာပဏ္ဍိတ၊ အဂ္ဂမဟာ သဒ္ဓမ္မဇောတိကဓဇ) က "သီတင်းကျွတ်လပြည့်အဘိဓမ္မာတရားတော်"ကိုလည်းကောင်း၊ ယင်းနေ့ မွန်းတည့် ၁၂ နာရီတွင် မြန်မာ့အသံ မြန်မာပိုင်း အစီအစဉ်မှ နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ အဖွဲ့ဝင် မန္တလေးတိုင်း ကျောက်ပန်းတောင်းမြို့ သုခဝတီစာသင်တိုက် ပဓာနနာယက ဆရာတော် ဘဒ္ဒန္တ သံဝရ(အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတ)က "ဗုဒ္ဓအလိုတော်ကျ တန်ဖိုးရှိသောလူ့ဘဝ" တရားတော်ကိုလည်းကောင်း အသံလွှင့်ဟောကြားတော်မူကြမည်ဖြစ်ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

အရှင်နန္ဒာသိရီ(ရေဦး) တရားဟောကြားမည်

ရန်ကုန် အောက်တိုဘာ ၁၈

မြောက်ဥက္ကလာပမြို့ (င)ရပ်ကွက် သန္တာ (၁၇)လမ်း မိုးကုတ်ရိပ်သာ ပုပ္ပား(၃)ကျောင်း မိုးကုတ်အဖွဲ့ချုပ် နယ်လှည့်ဓမ္မကထိက၊ အစိုးရဓမ္မာစရိယ ရေဦး ဆရာတော် အရှင်နန္ဒာသိရီသည် နိုဝင်ဘာ ၁ ရက်မှ ၈ ရက်အထိ အဖွဲ့ခွဲ (၂၉၆) ကြိုးကြာကန်ရွာ နတ်တလင်းမြို့၊ နိုဝင်ဘာ ၁၃ ရက်မှ ၁၉ ရက်အထိ အဖွဲ့ခွဲ(၄၃) တောင်ငူမြို့၊ ဒီဇင်ဘာ ၁၇ ရက်မှ ၂၇ ရက်အထိ ဇနိတာရာမ အင်းတကော် ပဲခူးမြို့၊ ဒီဇင်ဘာ ၃၁ ရက်မှ ၂၀၀၈ခုနှစ် ဇန်နဝါရီ ၆ ရက်အထိ အဖွဲ့ခွဲ(၄၇၈) ကျွန်းတဲရွာ လေးမျက်နှာမြို့တို့၌ မိုးကုတ်ဆရာတော်ကြီး၏ ဥပနိဿယအတိုင်း သစ္စာလေးပါးတရားတော်များ ဟောကြားမည်ဖြစ်ရာ ဖုန်း–၆၉၀၀၅၄သို့ ဆက်သွယ်နိုင်ကြောင်း သိရသည်။ (က–ပ)

မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊အက၊အရေး၊အတီးပြိုင်ပွဲ သုဝဏ္ဏသာမဇာတ်တော်ကြီးပြိုင်ပွဲ စတင်ကျင်းပ

နေပြည်တော် အောက်တိုဘာ ၁၈

မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ၏ သုဝဏ္ဏသာမ ဇာတ်တော်ကြီးပြိုင်ပွဲကို ယနေ့ည ၇နာရီတွင် နေပြည်တော်ရေဆင်းတက္ကသိုလ်နယ်မြေ မွေးမြူရေးဆိုင်ရာဆေးတက္ကသိုလ်ရှိ ဘွဲ့နှင်းသဘင်ခန်းမ၌ စတင်ကျင်းပရာ ရန်ကုန်တိုင်းကိုယ်စားပြု မောင်အောင်ကိုဝင်းနှင့်အဖွဲ့ ယှဉ်ပြိုင်ဖျော်ဖြေတင်ဆက်သည်။

(၁၅)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ ကျင်းပရေး ဦးစီးကော်မတီဥက္ကဋ္ဌ နေပြည်တော်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ဝေလွင် သုဝဏ္ဏသာမ ဇာတ်တော်ကြီးပြိုင်ပွဲတွင် ရန်ကုန်တိုင်း ကိုယ်စားပြု မောင်အောင်ကိုဝင်းနှင့်အဖွဲ့ ယှဉ်ပြိုင်ဖျော်ဖြေတင်ဆက်မှုကို ကြည့်ရှုအားပေးစဉ်။

(သတင်းစဉ်)

ကြည့်ရှုအားပေး

အဆိုပါပြိုင်ပွဲသို့ (၁၅)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ ကျင်းပရေးဦးစီးကော်မတီဥက္ကဋ္ဌ နေပြည်တော်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ဝေလွင်၊ အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန ဒုတိယ ဝန်ကြီး ဗိုလ်မှူးကြီး သူရိန်ဇော်၊ နယ်စပ်ဒေသနှင့် တိုင်းရင်းသား လူမျိုးများဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးကြီးတင်ငွေ၊ ပြိုင်ပွဲကျင်းပရေးလုပ်ငန်းကော်မတီနှင့် ဆပ်ကော်မတီများမှ တာဝန်ရှိသူများ၊ ဝန်ကြီးဌာနအသီးသီးတို့မှ အရာထမ်း၊ အမှုထမ်းများ၊ နေပြည်တော်တိုင်း စစ်ဌာနချုပ်အောက်ရှိ တပ်ရင်း တပ်ဖွဲ့များမှ မိသားစုများ၊ နေပြည်တော်ပျဉ်းမနားခရိုင်အတွင်းရှိ မြို့နယ်၊ ရပ်ကွက်နှင့် ကျေးရွာများမှ မြန်မာ့ရိုးရာ ယဉ်ကျေးမှုသုခုမအနုပညာကို မြတ်နိုးလေးစားကြသော ပြည်သူများ လာရောက်ကြည့်ရှုအားပေးကြသည်။

ရန်ကုန်တိုင်း ကိုယ်စားပြု မောင်အောင်ကိုဝင်းနှင့်အဖွဲ့က သုဝဏ္ဏသာမဇာတ်တော်ကြီးကို ယှဉ်ပြိုင်ကပြတင်ဆက်ရာတွင် ဇာတ်ညွှန်းနှင့်ဒါရိုက်တာ ဦးဂမုန်း၊ သုဝဏ္ဏသာမအဖြစ် မောင်အောင်ကိုဝင်း၊ ဒုကူလအဖြစ် ရတနာနန်းအောင်၊ ပါရိကာအဖြစ် ရွှေကူတင်၊ ပီဠိယက္ခအဖြစ် ရွှေမန်းမောင်ကံ၊ ဗဟုသုန္ဒြီ နတ်သမီးအဖြစ် မသန္တာလင်း၊ သိကြားမင်းအဖြစ် ဦးဝေလာနှင့်ဝိသုကြံနတ်သားအဖြစ် ဦးသန်းထွဋ်အောင်တို့က ပါဝင်သရုပ်ဆောင်ကြကာ ဝိုင်းတော်တီးရှာစား ဟိန်းရာဇာ(ခ) မျိုးဟိန်းဦး ဆိုင်းဝိုင်းနှင့် တွဲဖက်လျက် ဘုရားရှိခိုးခန်း၊ အပျိုတော်ခန်း၊ ဝိသုကြုံ ကျောင်းသင်္ခမ်းဆောက်ခန်း၊ နှစ်ပါးသွား၊ ဒုကူလ+ပါရိကာတို့ ကျောင်းသင်္ခမ်းရောက်ခန်း၊ သိကြားမင်း သန္ဓေပေး၍ သုဝဏ္ဏသာမ မွေးဖွားခဲ့ပုံရှင်းခန်း၊ သုဝဏ္ဏသာမအား ကိန္နရီတို့ပြုစုခန်း၊ သုဝဏ္ဏသာမအား ကျောင်းသင်္ခမ်းတွင်ထား၍ မိဘများ သစ်သီးရှာထွက်ခန်း စသည်ဖြင့် ကဏ္ဍစုံလင်စွာ မြိုင်မြိုင်ဆိုင်ဆိုင်ကပြဖျော်ဖြေတင်ဆက် ယှဉ်ပြိုင်သွားကြသည်။

အောက်တိုဘာ ၁၉ရက်တွင် ရန်ကုန်တိုင်း ကိုယ်စားပြုမောင်ဉာဏ်ဝင်းနှင့်အဖွဲ့ ကပြဖျော်ဖြေတင်ဆက်ယှဉ်ပြိုင်ကြမည်ဖြစ်သည်။ (သတင်းစဉ်)

ပေးအပ်လှူဒါန်း

ရန်ကုန်မြို့ ကလေးဆေးရုံကြီးရှိ ကလေးလူနာများ အာဟာရ အထောက်အကူ ပြုနိုင်ရေးအတွက် ရန်ကုန်မြို့ရှိ Pahtama Group ကုမ္ပဏီမှ ဒါရိုက်တာဦးမျိုးမင်းကျော်က ငွေကျပ် ၁၁သိန်းတန်ဖိုးရှိ Similac နို့မှုန့်နှင့် Isomil နို့မှုန့်များကို အောက်တိုဘာ၁၈ရက်က ရန်ကုန်ကလေးဆေးရုံကြီးရှိ ဆေးရုံအုပ်ကြီးဒေါက်တာ ဦးအောင်ကြည်ဝင်းထံ ပေးအပ်လှူဒါန်းစဉ်။ **(ကလေးဆေးရုံကြီး)**

The LIVE NEWS ဂျာနယ် အမှတ်(၅၆) ထုတ်ဝေဖြန့်ချိ

ရန်ကုန် အောက်တိုဘာ ၁၈

ရွှေပြည်စိုးစာပေတိုက်မှ အပတ်စဉ်ထုတ်ဝေဖြန့်ချိလျက်ရှိသည့် The LIVE NEWS ဂျာနယ် အမှတ်(၅၆)ကို ယနေ့ထုတ်ဝေဖြန့်ချိလိုက်သည်။

ရွှေပြည်သာမြို့နယ်ရှိ မွေးမြူရေးအစာစက်ရုံတစ်ခု မီးလောင်ကျွမ်းမှု၌ သိန်း ၉၀၀ နီးပါးခန့် ဆုံးရှုံးခဲ့ရ၊ တာဝန်မဲ့သည့် ပြည်ပအလုပ်အကိုင်ရှာဖွေရေး အကျိုးဆောင်ကုမ္ပဏီတချို့ကြောင့် ပြည်ပရောက်မြန်မာအချို့ ဒုက္ခနှင့် ရင်ဆိုင်နေကြရ၊ ငါးရေထိုးရောင်းခြင်းကို ထိရောက်စွာအရေးယူမည်၊ ရန်ကုန်တိုင်းမြို့နယ်လေးခုတွင် ခါးပိုက်နှိုက်မှုကျူးလွန်ခဲ့သည်ဆိုသူအား ဖမ်းဆီးရမိ၊ စာပန်းချီမဂ္ဂဇင်းနှင့် စာအုပ်တိုက်၊ မီးတောင်ကျွန်းက မပို့ဖြစ်သောစာများ၊ လမ်းမပေါ်က အတွေးများ-၁ (စည်းခိုးတဲ့ကားများ)၊ ဆံတော်ကြိုလမ်းကနေဖြစ်တည်လာတဲ့ ရွှေတိဂုံဘုရားလမ်းရဲ့ ဝိသေသများ၊ အမေရိကန်နှင့် ဂျပန်အကြား စစ်စခန်းချထားမှု စရိတ်ကျခံရေး အငြင်းပွား၊ တူရကီနိုင်ငံက အီရတ်မြောက်ပိုင်းရှိ ကာ့ဒ်ဒေသအား ဝင်ရောက်တိုက်ခိုက်ဖွယ်ရှိ၊ ရေလက်ကြားမှ စစ်အင်အားပြိုင်ဆိုင်မှု၊ ပြန်လည်လှုပ်ခတ်လာတဲ့ တူရကီနိုင်ငံရေး၊ တက္ကစီမင်းနှင့် ကားပါကင်ဂိတ်၊ ကိုရီးယားရုပ်ရှင် ကြိုတင်ဇာတ်လမ်းများစသည့် သတင်း၊ ဆောင်းပါး၊ အားကစား၊ အနုပညာကဏ္ဍများကို ဆင်ဖြူကျွန်းအောင်သိန်း၊ ဦးကို၊ မြင်းမူမောင်နိုင်မိုး၊ နီမင်းဆွေ၊ ကိုကိုလှိုင်၊ မောင်မြတ်မွန်(ဆူးလေ)၊ သစ်လွင်မိုး၊ မောင်နေလင်းနှင့် အမြို့မြို့အနယ်နယ်မှ စာရေးဆရာ၊ သတင်းစာဆရာများက ဝေဝေဆာဆာ တင်ဆက်ထားသည်။ The LIVE NEWS ဂျာနယ်နှင့် နွယ်သာကီမဂ္ဂဇင်းသို့ စာမူပေးပို့လိုသူများ၊ ဖြန့်ချိရေးကိစ္စ ဆောင်ရွက်လိုသူများသည် အမှတ်(၃၁၀)၊ ဝါးတန်းလမ်း၊ မြေညီထပ်၊ အခန်း(၀၀၄)၊ လမ်းမတော်မြို့နယ်၊ ဖုန်း-၂၂၉၈၈၂၊ ၂၂၉၈၈၅တို့သို့ ဆက်သွယ်နိုင်ကြောင်း သိရှိရသည်။ (က-ပ)

(၁၅) ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ

သုဝဏ္ဏသာမဇာတ်တော်ကြီး

စဉ်	ရက်စွဲ	ယှဉ်ပြိုင်မည့်တိုင်း
၁။	၁၉-၁၀-၂၀၀၇	ရန်ကုန်တိုင်းမောင်ဉာဏ်ဝင်းနှင့်အဖွဲ့
၂။	၂၀-၁၀-၂၀၀၇	ဧရာဝတီတိုင်း
၃။	၂၁-၁၀-၂၀၀၇	မန္တလေးတိုင်း
၄။	၂၂-၁၀-၂၀၀၇	စစ်ကိုင်းတိုင်း

(၁၅) ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ

ရုပ်စုံသဘင်အဖွဲ့လိုက်ပြိုင်ပွဲ

စဉ်	ရက်စွဲ	ယှဉ်ပြိုင်မည့်တိုင်း
၁။	၂၀-၁၀-၂၀၀၇	မန္တလေးတိုင်းရုပ်စုံအဖွဲ့
၂။	၂၂-၁၀-၂၀၀၇	ဧရာဝတီတိုင်းရုပ်စုံအဖွဲ့
၃။	၂၄-၁၀-၂၀၀၇	ရန်ကုန်တိုင်းတော်ဝင်ရုပ်စုံအဖွဲ့
၄။	၂၇-၁၀-၂၀၀၇	စစ်ကိုင်းတိုင်းရုပ်စုံအဖွဲ့

ASEAN Joint Stamp Issue
အထိမ်းအမှတ် စာပို့တံဆိပ်ခေါင်းသစ်များ ရောင်းချ

ရန်ကုန် အောက်တိုဘာ ၁၈

ဆက်သွယ်ရေး၊ စာတိုက်နှင့် ကြေးနန်းဝန်ကြီးဌာန မြန်မာ့ဆက်သွယ်ရေးလုပ်ငန်းက ASEAN Joint Stamp Issue အထိမ်းအမှတ် စာပို့တံဆိပ်ခေါင်းသစ် **(အပေါ်ပုံ)** (၁၀)ခေါင်းပါ တစ်စုံကို တစ်ခေါင်းလျှင်ငွေကျပ်(၅၀)နှုန်းဖြင့် ၂၀၀၇ခုနှစ် အောက်တိုဘာ ၁၉ရက် နံနက် ၉နာရီခွဲမှစတင်၍ ပြည်နယ်/တိုင်းနှင့် ခရိုင် ဆက်သွယ်ရေးစခန်း(စာတိုက်)များ၌ ရောင်းချမည်ဖြစ်သည်။

အထူးအစီအစဉ် တစ်ရပ်အနေဖြင့် နေပြည်တော်ဗဟိုစာတိုက်ကြီး၊ ရန်ကုန် စာတိုက်ကြီးနှင့် မန္တလေးစာတိုက်ကြီးတို့၌ အောက်တိုဘာ ၁၉ရက်တွင် ဝယ်ယူသော စာပို့တံဆိပ်ခေါင်းများပေါ်တွင် တံဆိပ်ခေါင်းဖျက် အထူးအမှတ်အသားတံဆိပ် ရိုက်နှိပ်ပေးမည်ဖြစ်သည်။ (သတင်းစဉ်)

အရှင်စန္ဒသာရ (ကျောင်းကုန်း)တရားပွဲ

ရန်ကုန် အောက်တိုဘာ ၁၈

ဧရာဝတီတိုင်း ကျောင်းကုန်းမြို့ ဒက္ခိဏာရာမ ရွှေကျင်ပရိယတ္တိစာသင်တိုက်မှ မိုးကုတ်ဝိပဿနာ ကမ္မဋ္ဌာနာစရိယ နယ်လှည့်သာသနာပြု ဓမ္မကထိက ဓမ္မာစရိယ (ကျောင်းကုန်းဆရာတော်) အရှင်စန္ဒသာရ အရှင်သူမြတ်သည် ကျေးဇူးတော်ရှင် အဂ္ဂမဟာပဏ္ဍိတ မိုးကုတ်ဆရာတော်ကြီး၏ ဥပနိဿယအတိုင်း ပဋိစ္စသမုပ္ပာဒ် သစ္စာလေးပါးတရားတော်များကို အောက်တိုဘာ ၂၄ရက်မှ ၃၀ရက်အထိ ဖျာပုံမြို့ ကြံခင်းတူးမြောင်း မိုးကုတ်ဝိပဿနာ ဓမ္မရိပ်သာ၌လည်းကောင်း၊ နိုဝင်ဘာ ၄ရက်မှ ၁၀ရက်အထိ လပွတ္တာမြို့ အလယ်ရေကျော် မိုးကုတ်ဝိပဿနာ ဓမ္မရိပ်သာ၌လည်းကောင်း ဟောကြားတော်မူမည်ဖြစ်သည်။ ဆရာတော်နှင့် ဆက်သွယ်လိုပါက ဖုန်း-၀၄၆-၄၀၄၉၈၊ ၀၉-၅၁၄၇၄၄၈တို့သို့ ဆက်သွယ်နိုင်ကြောင်း သိရသည်။ (က-ပ)

MRTV-4 ရုပ်မြင်သံကြားအစီအစဉ်

၁၉-၁၀-၂၀၀၇ (သောကြာနေ့)

AM & PM

၇း၀၀-၁း၀၀	MRTV-4 အဖွင့်Logo၊ ယနေ့အစီအစဉ်
၇း၀၅-၁း၀၅	"အသေလွတ်ရာလမ်း"တရားတော် (ပြည်တွင်းပြည်ပသာသနာပြုအောင်ဆန်းဆရာတော် ဘဒ္ဒန္တသဒ္ဓမ္မကိတ္တိသာရ)
၇း၅၅-၁း၅၅	ဧရာဝတီတိုင်း လပွတ္တာလုပ်တောင်ကျေးရွာ ရှင်စောမြတ်စေတီတော်မှ ပဋ္ဌာန်းမြတ်ဒေသနာ
၈း၁၅-၂း၁၅	တေးဂီတအစီအစဉ်
၈း၂၀-၂း၂၀	Myanmar Video Rhythm
၈း၅၀-၂း၅၀	မြေပေါ်တွင်လှူသည် သာသနာ့ဗိမာန်တည်
၉း၁၀-၃း၁၀	ပြည်တွင်းသတင်းအကျဉ်း
၉း၂၀-၃း၂၀	တေးဂီတအစီအစဉ်
၉း၂၅-၃း၂၅	ယနေ့သိပ္ပံနှင့် နည်းပညာ
၉း၃၅-၃း၃၅	နိုင်ငံတကာသတင်းအကျဉ်း
၉း၄၀-၃း၄၀	တေးဂီတအစီအစဉ်
၉း၄၅-၃း၄၅	ရောဂါဘယကင်းဝေးဖို့ တိုင်းရင်းဆေးကိုသုံးကြစို့
၁၀း၀၀-၄း၀၀	မိုးလေဝသခန့်မှန်းချက်
၁၀း၀၅-၄း၀၅	တေးဂီတအစီအစဉ်
၁၀း၁၀-၄း၁၀	ပေါင်းစည်းအင်အား ဧရာဝတီမြစ်ကူးတံတားများ
၁၀း၂၀-၄း၂၀	ပြည်တွင်းသတင်းအကျဉ်း
၁၀း၃၀-၄း၃၀	တေးဂီတအစီအစဉ်
၁၀း၃၅-၄း၃၅	ဗီတာမင်ဘီဝမ်းနှင့်ပေါင်းဆန် (ပါမောက္ခဒေါက်တာချစ်စိုး၊ ဒေါက်တာလှကြည်)
၁၁း၀၅-၅း၀၅	တေးဂီတအစီအစဉ်
၁၁း၁၀-၅း၁၀	နိုင်ငံတကာသတင်းအကျဉ်း
၁၁း၁၅-၅း၁၅	ရွှတ်ဆိုပွားများဓမ္မစကြာတရားများ(အပိုင်း-၁) (ဆူးလေဝတ်အဖွဲ့)
၁၁း၅၅-၅း၅၅	တေးဂီတအစီအစဉ်
၁၂း၀၀-၆း၀၀	အနုပညာရပ်ဝန်းမှရင်ခုန်သံများ(ရဝေအောင်နှင့်တွေ့ဆုံခြင်း)
၁၂း၂၅-၆း၂၅	VJ Choice
၁း၀၀-၇း၀၀	MRTV-4 အပိတ် Logo

MRTV-4 အစီအစဉ်များကို ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် UHF တီဗွီအင်တင်နာဖြင့် အလွယ်တကူ ဖမ်းယူကြည့်ရှုနိုင်ပါသည်။

တပ်မတော်(ကြည်း၊ ရေ၊ လေ)ဘောလုံးပြိုင်ပွဲ အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ်အသင်း ဗိုလ်လုပွဲတက်

ရန်ကုန် အောက်တိုဘာ ၁၈

၂၀၀၇ခုနှစ် (၂၃)ကြိမ်မြောက် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ဖလား အသက်(၂၁)နှစ်နှင့်အောက် တပ်မတော်(ကြည်း၊ရေ၊လေ)ဘောလုံးပြိုင်ပွဲ ပထမအကြိုဗိုလ်လုပွဲကို ယနေ့ညနေ ၃ နာရီက လူငယ်အားကစားလေ့ကျင့်ရေးစခန်း(သုဝဏ္ဏ)၌ကျင်းပရာ အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ်အသင်းက အရှေ့တောင်တိုင်းစစ်ဌာနချုပ်အသင်းကို လေးဂိုး–ဂိုးမရှိဖြင့် အနိုင်ရရှိပြီး ဗိုလ်လုပွဲသို့ တက်ရောက်သွားသည်။

အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ်အသင်းနှင့် အရှေ့တောင်တိုင်းစစ်ဌာနချုပ်အသင်းတို့ အကြိတ်အနယ် ယှဉ်ပြိုင်ကစားကြစဉ်။ (ကြေးမုံ)

အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ်– လေးဂိုး။
(ခက်အောင်–နှစ်ဂိုး၊ လှိုင်ဝင်းထွန်းနှင့် ကျော်သူတစ်ဂိုးစီ)
အရှေ့တောင်တိုင်းစစ်ဌာနချုပ်–ဂိုးမရှိ။
ဒိုင်လူကြီး– တပ်ကြပ်ကြီးဝင်းထွန်း။

ယနေ့ပွဲ

(ဒုတိယအကြိုဗိုလ်လုပွဲ)

(သုဝဏ္ဏကွင်း)

ညနေ ၃ နာရီ

ရန်ကုန်တိုင်းစစ်ဌာနချုပ်အသင်းနှင့် အနောက်မြောက်တိုင်းစစ်ဌာနချုပ်အသင်း။

(ကြေးမုံ)

မင်္ဂလာဗျူဟာအသင်းချုပ်တွင် သွေးလှူဒါန်းပွဲကျင်းပမည်

ရန်ကုန် အောက်တိုဘာ ၁၈

ရန်ကုန်မြို့ ဗဟန်းမြို့နယ် အာဇာနည်လမ်းရှိ မင်္ဂလာဗျူဟာအသင်းချုပ်တွင် (၉၁)ကြိမ်မြောက် ဒါနဥပပါရမီ သွေးလှူဒါန်းပွဲကို အောက်တိုဘာ ၂၈ ရက် (တနင်္ဂနွေနေ့) နံနက်၉နာရီတွင် ကျင်းပမည်ဖြစ်၍ သွေးလှူဒါန်းလိုသူများသည် အောက်တိုဘာ ၂၇ ရက် (စနေနေ့) နံနက် ၇နာရီမှစ၍ ကိုယ်တိုင် အသိအမှတ်ပြု ကတ်ပြားပေး၍ စာရင်းပေးသွင်းနိုင်ပြီး သွေးလှူရှင်များအတွက် အာဟာရကုသိုလ်၊ ပဒေသာမဲ(အမှတ်တရပစ္စည်း)များပေးရန်အတွက် အလှူငွေများ လှူဒါန်းလိုပါက အသင်းချုပ်ဖုန်း–၃၇၀၉၅၈သို့ ဆက်သွယ်နိုင်ကြောင်း သိရသည်။ (က–ပ)

ကွယ်လွန်သူ ဦးဗျန်စိန်အားရည်စူး၍ ရန်ကုန်မြို့ စမ်းချောင်းမြို့နယ် မြေနီကုန်း မွှာရုံလမ်းနေ ဒေါ်ရှုကြည်မိသားစုက ဒဂုံမြို့နယ် စကားဝါလမ်း မင်းကွန်းတိပိဋကရေ ဆရာတော်ကြီး၏ တိပိဋက တိုးချဲ့ခြောက်ထပ်ကျောင်းတော်ကြီးအတွက် အလှူငွေ ကျပ်သိန်း ၁၀၀ ကို အနုနာယက ဆရာတော် ဘဒ္ဒန္တ နန္ဒကထံ ရေစက်ချအနုမောဒနာတရားနာယူပြီး တိ=နိ ပင်မဥက္ကဋ္ဌ ရွှေစင်အကယ်ဒမီ ဦးသူတော်ထံ ပေးအပ်လှူဒါန်းစဉ်။ (ကြေးမုံ)

သဘာဝဓာတ်ငွေ့နှင့် ရေနံရှာဖွေတူးဖော်ရေး တိုင်းတာနေစဉ် ဧရိယာတည်နေရာအတွင်း ရေကြောင်းသတိပေးချက် ထုတ်ပြန်

ရန်ကုန် အောက်တိုဘာ ၁၈

မြန်မာ့ရေနံနှင့် သဘာဝဓာတ်ငွေ့လုပ်ငန်းနှင့် ရေနံရှာဖွေတူးဖော်ရေးလုပ်ငန်းများတွင် အကျိုးတူ ပူးပေါင်းဆောင်ရွက်လျက်ရှိသော PTTEP International Ltd. သည် ဧရာဝတီတိုင်း မုတ္တမကမ်းလွန်လုပ်ကွက် အမှတ် M-9 တွင် လက်ရှိတွင်းတူးဖော်မှုရလဒ်များပေါ် မူတည်၍ Geophysical Site Investigation Survey တိုင်းတာရေးလုပ်ငန်းများကို တိုင်းတာရေးရေယာဉ် MV Teknik Kembara ဖြင့် ၂၀၀၇ ခုနှစ် အောက်တိုဘာ ၂၈ရက်မှ နိုဝင်ဘာ ၂၁ရက်ခန့်အထိ ဆောင်ရွက်သွားမည်ဖြစ်သည်။

Geophysical Site Investigation Survey တိုင်းတာရေးလုပ်ငန်းများဆောင်ရွက်မည့် ဧရိယာ တည်နေရာအကျယ်အဝန်းမှာ Point-A မြောက်လတ္တီတွဒ် ၁၄ ဒီဂရီ ၄၀ မိနစ် ၀၂စက္ကန့်၊ အရှေ့လောင်ဂျီတွဒ် ၉၅ ဒီဂရီ ၀၈မိနစ် ၀၉စက္ကန့်၊ Point-B မြောက်လတ္တီတွဒ် ၁၄ ဒီဂရီ ၄၀မိနစ် ၀၇စက္ကန့်၊ အရှေ့လောင်ဂျီတွဒ် ၉၆ ဒီဂရီ ၁၄ မိနစ် ၅၆စက္ကန့်၊ Point-C မြောက်လတ္တီတွဒ် ၁၃ဒီဂရီ ၅၄မိနစ် ၃၉စက္ကန့်၊ အရှေ့လောင်ဂျီတွဒ် ၉၆ ဒီဂရီ ၁၄မိနစ် ၅၃စက္ကန့်၊ Point-D မြောက်လတ္တီတွဒ် ၁၃ဒီဂရီ ၅၄မိနစ် ၃၄စက္ကန့်၊ အရှေ့လောင်ဂျီတွဒ် ၉၅ဒီဂရီ ၀၈မိနစ် ၂၀စက္ကန့်၊ Point-M9C(165) မြောက်လတ္တီတွဒ် ၁၄ ဒီဂရီ ၂၈မိနစ် ၄၇စက္ကန့်၊ အရှေ့လောင်ဂျီတွဒ် ၉၅ဒီဂရီ ၂၈မိနစ် ၁၅စက္ကန့်၊ Point-ZTKS(13) မြောက်လတ္တီတွဒ် ၁၄ဒီဂရီ ၀၃ မိနစ် ၅၃စက္ကန့်၊ အရှေ့လောင်ဂျီတွဒ် ၉၆ ဒီဂရီ ၀၇ မိနစ် ၅၂စက္ကန့်၊ Point-KKN(20A) မြောက်လတ္တီတွဒ် ၁၄ ဒီဂရီ ၁၆ မိနစ် ၃၃စက္ကန့်၊ အရှေ့လောင်ဂျီတွဒ် ၉၆ ဒီဂရီ ၀၂ မိနစ် ၄၆စက္ကန့်၊ Point-KKN(C14) မြောက်လတ္တီတွဒ် ၁၄ ဒီဂရီ ၂၁ မိနစ် ၂၄စက္ကန့်၊ အရှေ့လောင်ဂျီတွဒ် ၉၅ ဒီဂရီ ၅၉မိနစ် ၄၂စက္ကန့်နှင့် Point-ZTK(7)မြောက်လတ္တီတွဒ် ၁၄ ဒီဂရီ ၁၂ မိနစ် ၀၁စက္ကန့်၊ အရှေ့လောင်ဂျီတွဒ် ၉၅ ဒီဂရီ ၄၈မိနစ် ၄၂စက္ကန့်အတွင်းတွင် ဖြစ်သည်။

ထို့ကြောင့် မုတ္တမကမ်းလွန်လုပ်ကွက် အမှတ်(M-9)တွင် တိုင်းတာရေးရေယာဉ် MV Teknik Kembara ဖြင့် Geophysical Site Investigation Survey တိုင်းတာရေးလုပ်ငန်းများ ဆောင်ရွက်နေစဉ်ကာလအတွင်း လုပ်ငန်းများ နှောင့်နှေးကြန့်ကြာမှု မဖြစ်ပေါ်စေရေးအတွက် ဖော်ပြပါလုပ်ငန်းခွင် ဧရိယာမှ လေးကီလိုမီတာပတ်လည်အတွင်းအား ရေကြောင်းသတိပေးချက် (Notice to Mariner's)ထုတ်ပြန်ကြေညာထားပါ၍ သင်္ဘောကြီး/ငယ်များ၊ ကုန်တင်စက်လှေများ၊ စက်တပ်သမ္ဗာန်များနှင့် ငါးဖမ်းသင်္ဘောများ ဖြတ်သန်းသွားလာခြင်း၊ ကျောက်ချရပ်နားခြင်း၊ ငါးဖမ်းကိရိယာများချထားခြင်းနှင့် ငါးဖမ်းဆီးခြင်းများ မပြုလုပ်ကြရန် ငါးလုပ်ငန်းဦးစီးဌာနက အသိပေးကြေညာထားသည်။ (သတင်းစဉ်)

နိုင်ငံခြားရုပ်ရှင်ဇာတ်ကားများပြသ

ရန်ကုန် အောက်တိုဘာ ၁၈

ယခု သောကြာပတ် အောက်တိုဘာ ၁၉ရက်တွင် ရန်ကုန်မြို့လယ်ရုပ်ရှင်ရုံများ၌ မြန်မာရုပ်ရှင် ဇာတ်ကားသစ်ရုံမဝင်ဘဲ နိုင်ငံခြားရုပ်ရှင်ကားများသာ ဆက်လက်ပြသသွားမည်ဖြစ်သည်။

သမ္မတ

သမ္မတ အဆင့်မြင့်ရုပ်ရှင်ရုံတွင် ဒါရိုက်တာ Michael Katleman ရိုက်ကူးသည့် PRIMEVAL ဇာတ်ကား ပြသမည်ဖြစ်သည်။ လူသားစားမိကျောင်း တစ်ကောင်အကြောင်းကို ဇာတ်လမ်းဆင်ရိုက်ကူးထားပြီး မိကျောင်းနှင့် လူသားများ တိုက်ခိုက်ကြပုံကို ပရိသတ် စိတ်ဝင်စားဖွယ်ရိုက်ကူးထားသည့် ဇာတ်ကားတစ်ကား ဖြစ်သည်။

သွင်

သွင်ရုံတွင် အာဖရိကတိုက် စိန်မှောင်ခိုထုတ်ရာမှ စိန်မှောင်ခိုဂိုဏ်းသားအချင်းချင်းတိုက်ခိုက်ကြပုံကို ဇာတ်လမ်းဖွဲ့ထားသည့် ဇာတ်ကားတစ်ကားဖြစ်သည့် BLOOD DIAMOND ဇာတ်ကား တင်ဆက်ပြသမည်ဖြစ်ပြီး ၎င်းဇာတ်ကားတွင် တိုင်တန်းနစ်မင်းသား လီယိုနာဒိုဒီကာပရီယို ပါဝင်သရုပ်ဆောင်ထားသည်။

မင်္ဂလာ

မင်္ဂလာရုပ်ရှင်ရုံတွင် ဒါရိုက်တာ Sianley Tong ရိုက်ကူးသည့် THE MYTH တရုတ် ရာဇဝင်သမိုင်းနောက်ခံပြုဇာတ်ကား ပြသမည်ဖြစ်ပြီး ၎င်းဇာတ်ကားတွင် ပရိသတ်အကြိုက် နာမည်ကြီးမင်းသား ဂျက်ကီချန်းပါဝင်သရုပ်ဆောင်ထားသည်။

ရွှေ့ဆောင်

ရွှေ့ဆောင်ရုံတွင် နာမည်ကြီး အိန္ဒိယမင်းသား ရှာရွတ်ခန်ပါဝင်သည့် DON အိန္ဒိယ ဇာတ်ကြမ်းကားပြသမည် ဖြစ်သည်။

ဇာတ်လမ်းမှာ လူဆိုးဂိုဏ်းနှင့် ၎င်းအားဖြိုခွင်းလိုသည့် ရဲများ အပြိုင်အဆိုင် တိုက်ခိုက်ကြပုံကို ဇာတ်လမ်းဆင် ရိုက်ကူးထားသည့် ဇာတ်ကားတစ်ကားဖြစ်ပြီး အိန္ဒိယတွင်သာမက မလေးရှားနိုင်ငံတွင်ပါ သွားရောက်ရိုက်ကူးထားသည့် ဇာတ်ကားတစ်ကား ဖြစ်သည်။

နေပြည်တော်ရုံ

နေပြည်တော်ရုံတွင် စကြဝဠာအတွင်းရှိ အခြားဂြိုဟ်ကမ္ဘာတစ်ခုမှ အသိဉာဏ်မြင့်မားသော စက်ရုပ်များအကြောင်းကို ဇာတ်လမ်းဖွဲ့ရိုက်ကူးထားသည့် TRANSFORMERS ဇာတ်ကားတင်ဆက်ပြသမည်ဖြစ်သည်။ ဂြိုဟ်သား စက်ရုပ်များ၏ လျှို့ဝှက်ဆန်းကြယ်သော စွမ်းပကားများကို ဂမ္ဘီရပညာရောစွက် ရိုက်ကူးထားသည့် ဇာတ်ကားတစ်ကားဖြစ်သည်။

(ကြေးမုံ)

Professional အဆင့်ကူးပြောင်းရန် ဂေါက်သီးရိုက်ပြိုင်ပွဲ ကျင်းပမည်

ရန်ကုန် အောက်တိုဘာ ၁၈

P.G.A Myanmar က ကြီးမှူးကျင်းပသော Golf Professional Qualify ပြိုင်ပွဲကို နိုဝင်ဘာ ၁၅ရက်နှင့် ၁၆ရက်တို့တွင် ရန်ကုန်မြို့ရှိ ရန်ကုန်ဂေါက်ကွင်း (ဒညင်းကုန်း)၌ ကျင်းပမည်ဖြစ်သည်။

ပြိုင်ပွဲတွင် အပျော်တမ်းအဆင့်မှ Professional အဆင့် ကူးပြောင်းလိုသူများသည် အပျော်တမ်းအဆင့်(HANDICAP)(၀)မှ(၉) ရှိရမည်ဖြစ်ပြီး ပြိုင်ပွဲဝင်ကြေးမှာ ငွေကျပ် ၂၀၀၀၀ ဖြစ်သည်။

ပြိုင်ပွဲဝင် စာရင်းပေးလိုသူများသည် အသေးစိတ်သိလိုပါက P.G.A Myanmar ရုံးခန်း ဖုန်း–၆၅၁၃၇၄ သို့ အောက်တိုဘာ ၂၉ ရက် နောက်ဆုံးထား၍ ဆက်သွယ်စာရင်းပေးနိုင်ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

အကြမ်းဖက်သောင်းကျန်းသူများ ထောင်ထားသည့် မိုင်းနင်းမိပေါက်ကွဲ၍ အပြစ်မဲ့ပြည်သူတစ်ဦး သေဆုံး

နေပြည်တော် အောက်တိုဘာ ၁၈

အကြမ်းဖက်သောင်းကျန်းသူ အဖျက်သမားများသည် နိုင်ငံတော် တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေးကို နှောင့်ယှက်ဖျက်ဆီးပြီး အပြစ်မဲ့ပြည်သူများ သေကျေဒဏ်ရာရ အထိတ်တလန့်ဖြစ်စေရန် ရည်ရွယ်ချက်ဖြင့် အဖျက်အမှောင့်လုပ်ရပ်များကို နည်းမျိုးစုံအသုံးပြုဆောင်ရွက်လျက်ရှိရာ အောက်တိုဘာ ၁၁ရက် ညနေ ၃နာရီတွင် ပဲခူးတိုင်း ရွှေကျင်မြို့နယ် ပဲဒဲကောကျေးရွာအုပ်စု ကျောက်မော်ဘုရားရွာနေ ဦးဖားပုဟဲ၏ သား ဦးဘိုတဟဲ အသက် (၅၈)နှစ်နှင့် ၎င်း၏သားဖြစ်သူ စောဟန်ကျော်ထွန်း အသက်(၂၃)နှစ်တို့သည် တောတွင်းသို့ သွားရောက်၍ ကျွဲပျောက်ရှာနေစဉ် ကြိုးပင်တောင်အနီးသို့အရောက်၌ သောင်းကျန်းသူအဖျက်သမားများ ထောင်ထားသည့် နင်းမိုင်းတစ်လုံး နင်းမိပေါက်ကွဲသဖြင့် ဦးဘိုတဟဲ၏ ဘယ်ဘက်ခြေထောက် ဒူးအောက်မှပြတ်ကာ ညာဘက်ဒူးနှင့် ညာဘက်ပေါင် မိုင်းစထိမှန် ဒဏ်ရာရရှိခဲ့သည်။

မိုင်းထိမှန်ဒဏ်ရာရရှိခဲ့သည့် ဦးဘိုတဟဲအား တာဝန်ရှိသူများက ပြည်သူ့ဆေးရုံသို့ ပို့ဆောင်၍ လိုအပ်သော ဆေးဝါးကုသမှုပေးရန် သယ်ဆောင်လာစဉ် ဘုရားကြီးရွာသို့အရောက်တွင် ရရှိသောဒဏ်ရာမှ သွေးထွက်လွန် သေဆုံးခဲ့ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

မြဝတီရုပ်မြင်သံကြားအစီအစဉ်

၁၉–၁၀–၂၀၀၇ (သောကြာနေ့)

နံနက်ပိုင်း

- **၇:၀၀** ၁။ မြဝတီအဖွင့်
- **၇:၀၅** ၂။ အဖွင့်သီချင်း
- **၇:၁၀** ၃။ မျိုးချစ်တပ်မတော်
- **၇:၂၀** ၄။ မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
- **၇:၃၀** ၅။ မြန်မာသံစဉ်ချိုနားဝင်
- **၇:၄၅** ၆။ မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲအစီအစဉ်
- **၇:၅၀** ၇။ သာယာသီကြွေးခေတ်ဆန်းတေး
- **၇:၅၅** ၈။ အမျိုးသားရေးတေးကဗျာ
- **၈:၀၀** ၉။ မြဝတီရုပ်မြင်သံကြားသတင်း
- **၈:၁၀** ၁၀။ အမျိုးသားရေးတေးကဗျာ
- **၈:၁၅** ၁၁။ အပိတ်နှုတ်ဆက်စကား
- **၈:၁၆** ၁၂။ ပြီးပါပြီ။

ညပိုင်း

- **၄:၀၀** ၁။ မြဝတီအဖွင့်
- **၄:၀၅** ၂။ အဖွင့်သီချင်း
- **၄:၁၀** ၃။ ရင်ခုန်စီးဆင်းအချစ်သီချင်း
- **၄:၃၅** ၄။ မဟာဂီတချိုကြည်မြ
- **၄:၅၅** ၅။ မျိုးချစ်တပ်မတော်
- **၅:၀၀** ၆။ ရင်မှာစွဲလန်းတော်ဝင်ပန်း
- **၅:၂၅** ၇။ အလွမ်းတေးပန်းချီချစ်သူဆီ
- **၅:၃၅** ၈။ သာယာသီကြွေးခေတ်ဆန်းတေး
- **၆:၀၀** ၉။ မြဝတီရုပ်မြင်သံကြားသတင်း
- **၆:၁၀** ၁၀။ နိုင်ငံတကာသတင်း
- **၆:၂၅** ၁၁။ အမျိုးသားရေးတေးကဗျာ
- **၆:၄၀** ၁၂။ စောင့်မျှော်ရှုစားကြိုးဝိုင်းစကား
- **၆:၄၅** ၁၃။ လျှပ်တစ်ပြက်ရိုက်ချက်
- **၇:၀၀** ၁၄။ **ရသစုံလင်ရုပ်မြင်ဇာတ်လမ်း "ကိုယ့်အချစ်ဆုံး" (အပိုင်း–၁၇)**
- **၈:၀၀** ၁၅။ မြဝတီရုပ်မြင်သံကြားသတင်း
- ၁၆။ မိုးလေဝသသတင်း
- ၁၇။ အမျိုးသားရေးတေးကဗျာ
- ၁၈။ စိုက်ပျိုးသုတ
- ၁၉။ ယနေ့ညအတွက် မြဝတီ၏တေးလက်ဆောင်
- ၂၀။ **ရသစုံလင်ရုပ်မြင်ဇာတ်လမ်း – သစ္စာကြီးမား(သား)ပေါင်ချိန် (အပိုင်း–၃၅)**
- ၂၁။ သင့်အတွက်မနက်ဖြန်
- ၂၂။ အပိတ်နှုတ်ဆက်စကား
- ၂၃။ ပြီးပါပြီ။

ဝမ်းနည်းကြေကွဲခြင်း

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးစိုးဝင်းသည် ၁၂–၁၀–၂၀၀၇ ရက် ညနေ ၅ နာရီ မိနစ် ၃၀ တွင် မင်္ဂလာဒုံ တပ်မတော်ဆေးရုံကြီး၌ ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့် ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါကြောင်း။

တိုင်းမှူးနှင့် အရာရှိ၊ အရာခံ၊ အကြပ်၊ စစ်သည်မိသားစုများ
အနောက်ပိုင်းတိုင်း စစ်ဌာနချုပ်

ဝမ်းနည်းကြေကွဲခြင်း

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးစိုးဝင်းသည် ၁၂–၁၀–၂၀၀၇ ရက် ညနေ ၅ နာရီ မိနစ် ၃၀ တွင် မင်္ဂလာဒုံ တပ်မတော်ဆေးရုံကြီး၌ ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့် ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါကြောင်း။

ရခိုင်ပြည်နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ

ဝမ်းနည်းကြေကွဲခြင်း

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးစိုးဝင်းသည် ၁၂–၁၀–၂၀၀၇ ရက် ညနေ ၅ နာရီ မိနစ် ၃၀ တွင် မင်္ဂလာဒုံ တပ်မတော်ဆေးရုံကြီး၌ ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့် ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါကြောင်း။

ရခိုင်ပြည်နယ် အမျိုးသမီးရေးရာအဖွဲ့

ဝမ်းနည်းကြေကွဲခြင်း

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးစိုးဝင်းသည် ၁၂–၁၀–၂၀၀၇ ရက် (သောကြာနေ့)တွင် မင်္ဂလာဒုံတပ်မတော်ဆေးရုံကြီး၌ ကွယ်လွန်သွားကြောင်း သိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့် ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါကြောင်း။

ဗဟိုအမှုဆောင်ကော်မတီ
မြန်မာနိုင်ငံစာပေနှင့်စာနယ်ဇင်းအဖွဲ့

ဝမ်းနည်းကြေကွဲခြင်း

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးစိုးဝင်းသည် ၁၂–၁၀–၂၀၀၇ ရက် ညနေ ၅ နာရီ မိနစ် ၃၀ တွင် မင်္ဂလာဒုံ တပ်မတော်ဆေးရုံကြီး၌ ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့် ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါကြောင်း။

ရှမ်းပြည်နယ်(အရှေ့ပိုင်း)အမျိုးသမီးရေးရာအဖွဲ့နှင့်
မိခင်နှင့်ကလေးစောင့်ရှောက်ရေး ကြီးကြပ်ရေးအဖွဲ့

ဝမ်းနည်းကြေကွဲခြင်း

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးစိုးဝင်းသည် ၁၂–၁၀–၂၀၀၇ ရက်တွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့် ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါကြောင်း။

ဒါရိုက်တာအဖွဲ့နှင့် ဝန်ထမ်းများ
T & C TRADE CO., LTD. နှင့်
ငွေကြယ်စင် စက်မှုလုပ်ငန်းများ ကုမ္ပဏီလီမိတက်
ရွှေပြည်သာ စက်မှုဇုန်(၄)နှင့် မုံရွာစက်မှုဇုန်

ဝမ်းနည်းကြေကွဲခြင်း

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးစိုးဝင်းသည် ၁၂–၁၀–၂၀၀၇ ရက် (သောကြာနေ့)တွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့် ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါကြောင်း။

ဥက္ကဋ္ဌနှင့် အမှုဆောင်အဖွဲ့ဝင်များ
မြန်မာနိုင်ငံမွေးမြူရေးလုပ်ငန်းအဖွဲ့ချုပ်

ဝမ်းနည်းကြေကွဲခြင်း

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးစိုးဝင်းသည် ၁၂–၁၀–၂၀၀၇ ရက် (သောကြာနေ့) ညနေ ၅နာရီ မိနစ်၃၀တွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်အတူ ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါကြောင်း။

ညွှန်ကြားရေးမှူးချုပ်နှင့်ဝန်ထမ်းများ
မြို့ရွာနှင့်အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာန

ဝမ်းနည်းကြေကွဲခြင်း

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးစိုးဝင်းသည် ၁၂–၁၀–၂၀၀၇ ရက်တွင် ကွယ်လွန်ကြောင်းသိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါကြောင်း။

ဒုတိယဗိုလ်မှူးကြီး ဘဆွေ(ငြိမ်း)
ဒေါ်ခင်မို့မို့မိသားစု
နတ္တလင်း

တော်ဝင်နှင်းဆီ

ခရီးအနီးအဝေးမြို့တွင်း/ပြင် လချုပ်၊ နှစ်ချုပ် ကားမျိုးစုံကို စိတ်တိုင်းကျငှားရမ်းနိုင်သည်။

Ph;392086,380821

နှစ်ချုပ်ဖြင့်အငှားချမည်

စီးပွားရေးလုပ်ရန် နေရာကောင်း၊ လမ်းမတန်း၊ တာမွေအဝိုင်းထိပ်အနီး၊ မြေညီထပ် (၂၃'×၆၅') ရေမီးစုံ တစ်လ - သုံးသိန်းနှစ်သောင်း

ရွှေအိမ်တော် ☎ 540911

ကျေးဇူးဆပ်ပါမည်

ဦးအောင်ပိုင်ဆိုင်သော ၀/၇၇၆၇ ကား၏ပုံစံ(၁)အခွန်စာရွက်စိမ်းပျောက်ဆုံးသွားပါသဖြင့်တွေ့ရှိက အကြောင်းကြားပါရန်။

(၁၀၅) ကျောင်းကုန်း(၃)လမ်း၊ လှိုင်

ကျေးဇူးဆပ်ပါမည်

ကျွန်တော်စောမျိုးဌေး[၁၃/ကလန(နိုင်)၀၁၀၂၁၁]၏ Alotman စာရွက်သည် ခရီးသွားရင်း ပျောက်ဆုံးသွားပါသဖြင့်တွေ့ရှိပါက အကြောင်းကြားပေးပါရန်။ **ဖုန်း–၂၄၅၇၂၆**

ကျေးဇူးဆပ်ပါမည်

ကျွန်မ ဒေါ်သိဂီဦး၏ ပတ်စ်ပို့ အမှတ်–၆၂၆၄၇၆ သည် ပျောက်ဆုံးသွားပါ၍ တွေ့ရှိက အကြောင်းကြားပါ။ ကျေးဇူးဆပ်ပါမည်။

ဖုန်း–၆၆၂၄၃၈

၁၀" ဒန်အိုးများဝယ်ယူရန် ချိပ်ပိတ်တင်ဒါခေါ်ယူခြင်း

၁။ ကယ်ဆယ်ရေးလုပ်ငန်းများအတွက် ၁၀" ဒန်အိုးအလုံး(၂၀၀၀၀) ဝယ်ယူလိုပါသည်။

၂။ တင်ဒါပိတ်ရက်မှာ ၅–၁၁–၂၀၀၇ ရက် (၁၆း၀၀)နာရီဖြစ်ပြီး တင်ဒါပုံစံတစ်စုံလျှင် ကျပ် ၃၀၀၀/–(ကျပ်သုံးထောင်တိတိ)နှုန်းဖြင့်ပစ္စည်းဝယ်ယူရေးကော်မတီ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး ဦးစီးဌာနရုံး အမှတ်(၂၃)၊ နေပြည်တော်တွင် ဝယ်ယူနိုင်ပါသည်။ အသေးစိတ်အချက်အလက်များကို ဖုန်းအမှတ်–၀၆၇–၄၀၄၃၆၉၊ ၄၀၄၀၄၆၊ ၄၀၄၀၄၇ သို့ ရုံးချိန်အတွင်း ဆက်သွယ်မေးမြန်းနိုင်ပါသည်။

ဥက္ကဋ္ဌ
ပစ္စည်းဝယ်ယူရေးကော်မတီ

သန်လျင်ဖားအောက်တောရ ဘုံကထိန်အလှူပွဲကျင်းပမည်

ရန်ကုန် အောက်တိုဘာ ၁၈

အပြည်ပြည်ဆိုင်ရာ ဗုဒ္ဓသာသနာ့ရိပ်သာ ဖားအောက်တောရရိပ်သာ (သန်လျင်)၏ ဒသမအကြိမ်မြောက် စုပေါင်းမဟာ ဘုံကထိန်အလှူတော်မင်္ဂလာကို အောက်တိုဘာ ၂၈ (တနင်္ဂနွေနေ့) နံနက် ၈ နာရီခွဲတွင် သီရိခေမာဓမ္မသာလ ဗိမာန်တော်ကြီး၌ ကျင်းပမည်ဖြစ်ရာ ရပ်နီး၊ ရပ်ဝေးမှ အလှူရှင်များ ကြွရောက် လှူဒါန်းနိုင်ရန် ဖိတ်ကြား နိုးဆော်ထားကြောင်း သိရသည်။

(က–ပ)

အောင်ချမ်းမြေ့

ဆေးဝါးကျွမ်းကျင်သင်တန်း၊ သူနာပြုအကူသင်တန်း

ပြည်တွင်း၊ ပြည်ပ အတွေ့အကြုံရှိ ဝါရင့်နာမည်ကြီး၊ ဆေးဝါးကျွမ်းကျင်ပညာရှင်များ၊ သူနာပြုအုပ်အငြိမ်းစားများဦးစီး၍ နားလည်တတ်မြောက်အောင် အင်္ဂလိပ်–မြန်မာ နှစ်ဘာသာဖြင့် စာတွေ့၊ လက်တွေ့ သရုပ်ပြ သင်ကြားပေးသည်။ သက်သာမှန်ကန်သော နှုန်းထားသာယူသည်။ သင်တန်းကာလပြီးလျှင် နိုင်ငံခြားဆေးပစ္စည်းဆိုင် ချက်ချင်းဖွင့်နိုင်မည်။ ကျွမ်းကျင်သော သူနာပြုအကူဖြစ်မည်။ ရဲရဲကြီးအာမခံသည်။ ဆေးဆိုင်ဖွင့်နိုင်ရေး အဘက်ဘက်မှ ကူညီမည်။ ပြည်တွင်း၊ ပြည်ပ အလုပ်အကိုင်ရရှိရေး ကူညီမည်။ အသုံးပြု၍ရသော သင်တန်းဆင်းလက်မှတ်ပေးမည်။ သန့်ရှင်းသော သင်တန်းခန်းများတွင် တစ်ယောက်ထိုင်ခုံဖြင့် သင်ကြားသည်။ နယ်မှ သင်တန်းသား/သူများအတွက် ဘော်ဒါဆောင်ရှိသည်။ ကြိုတင်စာရင်းသွင်းပါ။

နှစ်ပတ်အပြီး(ဂွတ်ရှယ်)အထူးသင်တန်း။ ဆေးဝါးကျွမ်းကျင်/သူနာပြုအကူသင်တန်း

* အပတ်စဉ်(၂၁၃) ၂၄–၁၀–၂၀၀၇ စမည်။
တနင်္လာမှ သောကြာ နေ့စဉ် ၁၆ ဦး။
09:00 AM to 4:30 PM(12:30 to 1:30 Break Time)

တစ်လပြတ်အထူးသင်တန်း။ ဆေးဝါးကျွမ်းကျင်/သူနာပြုအကူသင်တန်း

* အပတ်စဉ်(၂၁၁) ၂၂–၁၀–၂၀၀၇ စမည်။
တနင်္လာမှ သောကြာ နေ့စဉ် ၁၆ ဦး။
အပတ်စဉ်(၂၁၅) ၂၆–၁၀–၂၀၀၇ စမည်။
တနင်္လာမှ သောကြာ နေ့စဉ် ၁၆ ဦး။
(I) 08:00 to 11:30 AM(II) 09:00 to 12:30 PM (III) 12:30 to 4:00 PM

နှစ်လပြတ်အထူးသင်တန်း။ ဆေးဝါးကျွမ်းကျင်/သူနာပြုအကူသင်တန်း

* အပတ်စဉ်(၂၁၂) ၂၃–၁၀–၂၀၀၇ စမည်။
အင်္ဂါနှင့် ဗုဒ္ဓဟူး နှစ်ရက်တည်းသာ။ ၁၆ ဦး။
အပတ်စဉ်(၂၁၄) ၂၅–၁၀–၂၀၀၇ စမည်။
ကြာသပတေးနှင့် သောကြာ နှစ်ရက်တည်းသာ။ ၁၆ ဦး။
အပတ်စဉ်(၂၁၆) ၂၇–၁၀–၂၀၀၇စမည်။စနေ၊တနင်္ဂနွေ နှစ်ရက်တည်းသာ။ ၁၆ဦး
(I) 08:00 to 11:30 AM(II) 09:00 to 12:30 PM(III) 12:30 to 4:00 PM

သုံးလပြတ်အထူးသင်တန်း။ ဆေးဝါးကျွမ်းကျင်/သူနာပြုအကူသင်တန်း

* အပတ်စဉ်(၂၁၇) ၂၇–၁၀–၂၀၀၇ စမည်။
စနေနေ့ တစ်ရက်တည်းသာ။ ၁၆ ဦး။
အပတ်စဉ်(၂၁၈) ၂၈–၁၀–၂၀၀၇ စမည်။
တနင်္ဂနွေနေ့ တစ်ရက်တည်းသာ။ ၁၆ ဦး။
(I) 08:00 to 12:30 PM (II) 12:30 to 05:00 PM

အမှတ်–၁၆၊ တတိယလွှာ(ပွင့်ရွှေလင်းတာယာနှင့် အလ္လိုင်းဗိုးရောင်းဝယ်ရေးဆိုင် အပေါ်ဆုံးထပ်)၊ ဗိုလ်မိုးလမ်း၊ မြေနီကုန်း(တောင်)ရပ်ကွက်၊ စမ်းချောင်းမြို့နယ်၊ ရန်ကုန်မြို့၊ ဂမုန်းပွင့်ကုန်တိုက်မှ နှစ်လမ်းကျော်။

ဖုန်း–၀၉ ၅၁ ၇၅၂၈၅၊ ၅၃၄၈၈၃၊ ၅၃၄၇၃၃
(am-7:00 to pm-9:00) ပိတ်ရက်မရှိပါ။
http://www.acmnursingtraining.com

PARKROYAL

YANGON
MYANMAR

Vacancy Announcement
(Local Service only)

1. **Sales Manager for Corporate Account**
(Male/Female, Age: 28 – 38 years)
Must have Pleasant Personality. Must have fluent spoken and written in English. 4 years experience in relevant position at major hotels or other similar hospitality organization. Must be energetic and motivational person. Requires good computer skill.

2. **Chinese Banquet Sales Executive**
(Female, Age : 28 – 30 years)
Must have Pleasant Personality. Good command of English and Fluent in Chinese, both written and spoken. Should have F&B Service background and Chinese cuisine knowledge.

3. **Laundry Senior Supervisor or Supervisor**
(Male, Age : 28 – 35 years)
Requires Good command of Spoken in English. 4 years experience in similar hotel capacity. Should be able to train junior staff and have management skill to lead the team.

Please send full Resume, Copy of Labour Registration Card, Copy of I.D Card Original Certificate from Township Police Station and all relevant documents to

Human Resource Manager of ***Parkroyal Yangon*** *not later than 26th October 2007.*

33 Alan Pya Phaya Road Dagon Township Yangon, Myanmar.
Tel: (951) 250 388 Fax: (951) 252 478
Email: enquiry@parkroyalhotels.com

MANAGED BY PARKROYAL HOSPITALITY MANAGEMENT PTE LTD.

Sofa Settee (ဆိုဖါဆက်တီ) အဟောင်းများကို ပြုပြင်ပေးနေပါပြီ!
Ph: လေးဆက်လိုက်ရုံပါပဲ !
Ph: 296193,4412291,585349,700109
Hawk Group

ကျေးဇူးဆပ်ပါမည်

၁၆–၁၀–၂၀၀၇နေ့တွင် အမှတ်(၄၃/က)၊(၄၃/ခ)မြေတိုင်း(၄) ၄ မြောက်ရပ်ကွက်၊ ရွှေခင်းသာလမ်းမ၊ သာကေတမြို့နယ်၏ ခြံနှစ်ကွက်ဂရန်မူရင်းနှစ်ခုနှင့် ဦးကျော်ကျော် [၁၂/သလန(နိုင်)၀၀၉၁၀၃]ဒေါ်သီသီဟန်[၁၂/သလန(နိုင်) ၀၀၁၆၉၈]တို့၏ မှတ်ပုံတင်မူရင်းနှစ်ခုနှင့် အခြားအရေးကြီးသော စာရွက်စာတမ်းများ ထည့်ထားသော မီးခိုးရောင်ဖိုင်တစ်ခု ခရီးသွားရင်း ပျောက်ဆုံးခဲ့ပါသည်။ တွေ့ရှိပါက ပြန်လည်ပို့ပေးပါရန်။ လိပ်စာ–အမှတ်(၂၁၁)၊ ဆိပ်ကမ်းသာလမ်း၊ ပုသိမ်မြေရပ်ကွက်၊ ဒေါပုံမြို့နယ်။

ဖုန်း–၅၅၆၁၄၁၊ ၅၅၃၂၁၀၊ ၀၉၅၀၂၈၇၈၃

အကြော်နိုပ်စက်

လူကြီးမင်းရဲ့အလုပ်ခွင်ထဲမှာ အားများပြီးညောင်းညာနေပြီလား?
အကြော်နိုပ်စက်၊မျက်လုံးနှိပ်စက်၊ရင်သားပြုပြင်စက်၊အဆီချစက်ကို ဈေးနှုန်းချိုသာစွာ အထူးရောင်းချပေးနေပါပြီ။ "ယုံကြည်" စတိုး
အမှတ်(၁၆၄) ဗညားဒလလမ်း၊ ဖုန်း၂၀၂၃၈၈၊၂၉၈၆၄၆(ရုံးချိန်သာ)

ရှောင်လေဝေးဝေး မူးယစ်ဆေး

လူပျောက်ကြော်ငြာ



ကျွန်တော်–ကျွန်မတို့၏ သားဖြစ်သူ မောင်ငြိမ်းချမ်းအောင် အထက(၃) ပန်းဘဲတန်း အသက်(၁၂)နှစ်သည် ၄–၁၀–၂၀၀၇ ရက်နေ့တွင် နေအိမ်မှ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အမြန်ဆုံး ပြန်လည်အကြောင်း ကြားပါရန်။ (ကျေးဇူးဆပ်ပါမည်။) အကယ်၍ သွေးဆောင်ဖြားယောင်းပါက ဥပဒေအရ အရေးယူပါမည်။

ဆက်သွယ်ရန်– ဦးမြင့်စိန်–ဒေါ်လွင်လွင်ခိုင်
အမှတ်(၁၅၃)၊ ဆူးလေဘုရားလမ်း၊ တတိယထပ်
Ph-09 99 24089, 095 157767, 371580, 387506

SKY SPORTS ဘောလုံးဂျာနယ်

ယခုအပတ် စနေ၊ တနင်္ဂနွေပွဲစဉ်များအတွက်

- နောက်ဆုံးရသတင်းစုံ၊ မှန်ကန်သော အချိန်ဇယား
- ထူးခြားပြီး အကျိုးများမယ့် ပွဲကြိုအထောက်အကူပြု
- အာရှဟောကိန်း အနေအထားများကို ဦးဦးဖျားဖျား သိနိုင်ဖို့အတွက်

စနေမနက်တိုင်း ပြေးဝယ်ထားလိုက်ပါ။

အမှတ်(၂၆၇)၊ ပထမထပ်၊ (၇)လမ်းထိပ်၊ အနော်ရထာလမ်း၊ လမ်းမတော်မြို့နယ်၊ ဖုန်း -၀၁-၂၂၉၃၇၁

ပြည်သူ့ဆန္ဒ သဘောထား

☆ တည်ငြိမ်မှုကို လိုလားသည်

☆ အေးချမ်းမှုကို လိုလားသည်

☆ ဆူပူအကြမ်းဖက်မှုကို မလိုလား

★ မိုးလုံးပြည့်မုသာဝါဒီ RFA VOA နှင့် BBC

★ RFA VOA BBC အဖျက်သမားများ သတိထား

★ RFA VOA နှင့် BBC
လေလှိုင်းပေါ်က လူသတ်သမားများ
ပြည်သူအားလုံး သတိထား

☆ မိုးလုံးပြည့် မုသာဝါဒီတွေ တိုင်းပြည်ပျက်အောင်လုပ်နေသည်

☆ BBC ညာနေသည်
VOA လိမ်နေသည်
RFA ရန်တိုက်ပေးနေသည်

☆ အဲဒီ ဝေသာလီပုဏ္ဏားများ(ကုန်းချောသွေးထိုးသူ)များ မယုံလေနဲ့ သတိထား

အကြမ်းဖက်ဆူပူမှုကြောင့် မည်သူတွေအကျိုးရှိပြီး မည်သူတွေအကျိုးမဲ့သနည်း

☆ အကြမ်းဖက်ဆူပူမှုကြောင့် –
ပြည်သူလူထုသာ နစ်နာဆုံးရှုံးရသည်။
နေ့စားလုပ်သားများ အလုပ်လက်မဲ့ဖြစ်ရသည်။
ဈေးသည်များ စီးပွားရေးထိခိုက်သည်။
အငှားကားမောင်းသူများ၊ ဆိုက်ကားနင်းသူများ အိတ်ထဲကစိုက်နေရသည်။
စတိုးဆိုင်များ၊ စားသောက်ဆိုင်များ ပိတ်ထားရသည်။

☆ အကြမ်းဖက်ဆူပူမှုကြောင့် –
ကိုလိုနီနယ်ချဲ့ပွဲစားကြီးများသာ အမြတ်ထွက်ကြသည်။
နယ်ချဲ့လက်ဝေခံမီဒီယာများ၊ ပြည်ပြေးများသာ ဒေါ်လာဆုကြေးတွေ ရနေကြသည်။
စီးပွားဖြစ်သွားသည်မှာ ထိုအဖျက်သမားများသာ ဖြစ်သည်။